# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**သွားလေရာအရပ်၌ အပူဇော်ခံရ**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသော သူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၃၀၃)


၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်၊ ကြာသပတေးနေ့။ Thursday, 19 December 2024 ၁၁၆၇၆


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား

## လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် ဆေးသိပ္ပံပညာရှင်အရာရှိကောင်းများအဖြစ် နိုင်ငံတော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူလူထုအတွက် ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၁၈

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၅) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အဆိုပါ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ »»





ကြေးမုံ

# အသိဉာဏ်ပညာ ဆင်ခြင်တုံတရားဖြင့် သာယာဝပြောသည့်လူ့ဘောင်ဦးတည်

မြန်မာနိုင်ငံသည် ဒီမိုကရေစီနိုင်ငံရေးစနစ်ကို မှန်မှန်ကန်ကန် စနစ်တကျ ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုအဖြစ် တည်ဆောက်ရန် ကြိုးပမ်းဆောင်ရွက်နေသော နိုင်ငံဖြစ်သည်။ ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်ပြည်ထောင်စုသည် တိုင်းရင်းသားပြည်သူများ၊ ပြည်သူ ပြည်သားများ လိုလားနှစ်သက်သည့် နိုင်ငံရေးစနစ်ဖြစ်သည်။ မျှော်မှန်းထားသော နိုင်ငံရေးစနစ်သို့ တက်လှမ်းနိုင်ရန်အတွက် အသိဉာဏ်ဆင်ခြင်တုံတရားဖြင့် အားလုံးပါဝင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ဒီမိုကရေစီလူ့ဘောင်အဖွဲ့အစည်းတစ်ရပ်တွင် ပြဋ္ဌာန်းထားသောဥပဒေအရ လွတ်လပ်စွာ ရေးသားထုတ်ဖော်ခွင့်များကို ရရှိမည်ဖြစ်သကဲ့သို့ ပြည်သူများအနေဖြင့် သိရှိပိုင်ခွင့်များလည်းရရှိမည်ဖြစ်ပြီး ကောင်းမွန်သည့်အုပ်ချုပ်မှုစနစ်နှင့် ဖွံ့ဖြိုး တိုးတက်မှုများလည်း မရှိမဖြစ်လိုအပ်မည်ဖြစ်သည်။ ယင်းလိုအပ်ချက်များကို လိုက်လျောညီထွေရှိရှိ မှန်မှန်ကန်ကန်၊ မျှမျှတတ ဆောင်ရွက်ပေးနိုင်ရန်လိုအပ်သည်။ နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်ပါက မိမိတို့၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။

သို့သော် လွတ်လပ်ခွင့်သည် အတိုင်းအတာတစ်ခုတော့ရှိသည်။ သူတစ်ပါးကို ဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုကိုဖြစ်စေ၊ နိုင်ငံတော်ကိုဖြစ်စေ တည်ဆဲဥပဒေများနှင့် အညီမဟုတ်ဘဲ လွတ်လပ်ခွင့်နှင့်အခွင့်အရေးကို ထိပါးပုတ်ခတ်ရေးသားခြင်းမျိုး မဖြစ်စေရန်လိုအပ်သည်။ လွတ်လပ်ခွင့်နှင့် အခွင့်အရေးများရှိသကဲ့သို့ တစ်ဖက်တွင်လည်း လိုက်နာရမည့်တာဝန်များလည်းရှိသည်။ တာဝန်၊ ဝတ္တရား၊ ကျင့်ဝတ်များကို မျှမျှတတလုပ်ဆောင် လိုက်နာဆောင်ရွက်ခြင်းအားဖြင့် လူ့အဖွဲ့အစည်းတစ်ခုလုံးကို တည့်မတ်ထိန်းကျောင်းပေးသည့်၊ လူ့ဘောင်အသိုက်အဝန်းကို ကောင်းကျိုးများ ဆောင်ကြဉ်းပေးသည့် ဂုဏ်သိက္ခာရှိသော လုပ်ဆောင်မှုဖြစ်လာမည်။

မျက်မှောက်ကာလတွင် နိုင်ငံရေးအရ၊ စီးပွားရေးအရ အင်အားကြီးသည့် နိုင်ငံများ၊ အုပ်စုများသည် ဒီမိုကရေစီအသွင်ကူးပြောင်းစ ဖွံ့ဖြိုးဆဲနိုင်ငံများကို ဝင်ရောက်စိုးမိုးခြယ်လှယ်နိုင်ရန်အတွက် ဩဇာခံမီဒီယာများကို လက်ကိုင်တုတ် အဖြစ် မွေးမြူလာကြသည့်နည်းအား အသုံးပြုနေကြသည်ကို တွေ့ရမည်ဖြစ်သည်။ အထောက်အပံ့ခံ လက်ဝေခံမီဒီယာများမှတစ်ဆင့် ပြည်သူများကြားတွင် မှားယွင်းသည့် အတွေးအမြင်ခံယူချက်များ တိုးပွားလာအောင် သတင်းအဆိပ်ခတ်သည့် နည်းလမ်းများကို အသုံးချနေသည်။ ပြည်သူများ၏ ပကတိသဘောထားခံစားချက်များ၊ နစ်နာချက်များကို မျက်ကွယ်ပြုပြီး ၎င်းတို့ လိုလားသည့်ပုံစံအတိုင်း ပုံဖော်သွတ်သွင်း ရေးသားထုတ်လွှင့်ဖော်ပြနေသည်ကို တွေ့ရမည်ဖြစ်သည်။

အဆိုးရွားဆုံးမှာ မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံငယ်များ မတည်မငြိမ်ဖြစ်အောင်၊ ပဋိပက္ခကြီးထွားလာအောင်၊ ဆူပူအုံကြွပြီး တိုင်းပြည်ပြိုကွဲပျက်စီးအောင် ရည်ရွယ်ချက်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ပြုလုပ်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ ပြိုကွဲပျက်စီးစေရန်အတွက် မီဒီယာကို လက်နက်သဖွယ် အသုံးချနေသည်ကို သတိပြုရမည်ဖြစ်သည်။ ဒီမိုကရေစီအသွင်ကူးပြောင်းစ ဖွံ့ဖြိုးဆဲမြန်မာနိုင်ငံအပေါ် အင်အားကြီး နိုင်ငံအချို့က လူ့အခွင့်အရေးနှင့်ဒီမိုကရေစီ စံနှုန်းများ ချိုးဖောက်သည်ဟုဆိုကာ မြန်မာနိုင်ငံအပေါ် အပြစ်ရှာစွပ်စွဲပြီး ၎င်းတို့ လိုချင်သည့်ပုံစံဖြစ်အောင် သွတ်သွင်းနေကြသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံနှင့် မကိုက်ညီသည့် ဒီမိုကရေစီစံနှုန်းများအပေါ် ရာနှုန်းပြည့် အခြေမပြုဘဲ နိုင်ငံ၏ပကတိအခြေအနေနှင့် လူမှုစီးပွားဖြစ်ထွန်းမှု ကြုံတွေ့ခဲ့ရသည့် သမိုင်းပေးသင်ခန်းစာ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ပန်းတိုင်သို့ ရဲရဲဝံ့ဝံ့ ချီတက်နေသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့် လွတ်လပ်ရေးရပြီး ကာလတစ်လျှောက် ခေတ်အမျိုးမျိုးဖြတ်သန်းခဲ့ရာတွင် စိန်ခေါ်မှုအမျိုးမျိုးကြောင့် ပြည်သူလူထုအတွင်း အသိပညာ၊ အတန်းပညာ၊ အတတ်ပညာ ကွာဟမှုများရှိခဲ့သည်။ မျက်မှောက်ကာလတွင် တပ်မတော်သည် နိုင်ငံတော်၏ လိုအပ်ချက်အရ နိုင်ငံ့တာဝန်အရပ်ရပ်ကို ထမ်းဆောင်နေရချိန်တွင် ကျင့်ဝတ်သိက္ခာမဲ့သည့် ပြည်ပ ဩဇာခံမီဒီယာများသည် ခေတ်အမျိုးမျိုးကို ဖြတ်သန်းလာခဲ့ကြသည့် ပြည်သူလူထုကို သတင်းတု၊ သတင်းမှား၊ အမုန်းစကားများဖြင့် မှိုင်းတိုက်ကာ အတွေးအမြင်မှားအောင်၊ အယူအဆလွဲမှားအောင်၊ စည်းလုံးညီညွတ်မှုပျက်ပြားအောင်ပြုလုပ်ပြီး တိုင်းပြည်ပြိုကွဲပျက်စီးအောင် ပြုလုပ်နေသည်ကို ပြည်သူများအနေဖြင့် အသိဉာဏ်ပညာ ဆင်ခြင်တုံတရားနှင့် မိမိနိုင်ငံ သာယာဝပြောရေးကို ရှေးရှုဆောင်ရွက်ပေးနိုင်ပါရန် မေတ္တာရပ်ခံ တိုက်တွန်းအပ်ပါကြောင်း။ ။

## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံသို့ထွက်ခွာ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာမာရစ်ဆတ်င်ီရမ်ဖုန်၏ဖိတ်ကြားချက်အရ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဒီဇင်ဘာ ၁၉ ရက်တွင်ကျင်းပမည့် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ လာအိုနှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘော ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားကြောင်း သိရသည်။

**သတင်းစဉ်**

## ဟသ်ာတမြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဆင်းပွဲ ကျင်းပ

**ဟသ်ာတ ဒီဇင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့၌ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ဟသ်ာတခရိုင်နှင့် မြန်အောင်ခရိုင်တို့မှ Grade- 11 နှင့် Grade–12 သင်ကြားနေသော ဆရာ ဆရာမများ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း အမှတ်စဉ် (၂/၂၀၂၄) သင်တန်းဆင်းပွဲအခမ်းအနားကို ဟသ်ာတမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဟသ်ာခန်းမ၌ ဒီဇင်ဘာ ၁၈ ရက် မွန်းတည့် ၁၂ နာရီက ကျင်းပသည်။

**ပေးအပ်ချီးမြှင့်**

အခမ်းအနားတွင် ဟသ်ာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးက သင်တန်းဆင်းအမှာစကားပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဟသ်ာတခရိုင် တရားသူကြီး ဦးလင်းအောင်သူတို့က သင်တန်းပြီးမြောက်ကြောင်း အသိအမှတ်ပြုလက်မှတ်များကို သင်တန်းသား သင်တန်းသူများထံ ပေးအပ်ကာ ဟသ်ာတခရိုင် ဥပဒေအရာရှိ ဒေါ်မြကြေးဥက ထူးချွန်သင်တန်းသား သင်တန်းသူသုံးဦးအား ဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းအား ဟသ်ာတခရိုင်နှင့် မြန်အောင်ခရိုင်တို့မှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၆၈ ဦးတို့အား ဥပဒေဘာသာရပ် ခုနစ်မျိုးကို ၁၀ ရက်ကြာ သင်ကြားပို့ချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဇမ္ဗူသီရိမြို့နယ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနက ဦးဆောင်ကျင်းပသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ဇမ္ဗူသီရိမြို့နယ်အစိုးရနည်းပညာအထက်တန်းကျောင်း (နေပြည်တော်)၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်က အမှာစကားပြောကြားပြီး ရာသီဥတုပြောင်းလဲလာမှု၊ မီးခိုးမြူငွေ့ညစ်ညမ်းမှု အကြောင်းအရာများ၊ နေပြည်တော်၏ Fire Hotspot ဖြစ်ပေါ်မှုအခြေအနေများ၊ လေထုအရည်အသွေး (AQI Level) များအကြောင်း စသည်တို့ကို ရှင်းလင်းဟောပြောကာ မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ယင်းနောက် နေပြည်တော် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူးက အစိုးရနည်းပညာအထက်တန်းကျောင်း (နေပြည်တော်) စာကြည့်တိုက်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စာအုပ်များ လှူဒါန်းခဲ့ရာ ကျောင်းအုပ်ဆရာကြီးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ဟိန်းသူအောင်(ပြန်/ဆက်)**

**သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၈ - ၁၂ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၄၀၀ | ၈,၄၀၀ | ၁ | ၈,၄၀၀ |
| MTSH | ၃,၁၀၀ | ၃,၁၀၀ | ၆၈၂ | ၂,၁၁၃,၂၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၄ | ၃၂,၈၀၀ |
| FPB | ၁,၉၅၀ | ၁,၉၀၀ | ၃၅၃ | ၆၇၈,၇၅၀ |
| TMH | ၃,၀၀၀ | ၃,၀၀၀ | ၅ | ၁၅,၀၀၀ |
| EFR | ၁,၆၅၀ | ၁,၇၀၀ | ၇၄၅ | ၁,၂၄၆,၀၀၀ |
| AMATA | ၄,၃၀၀ | ၄,၃၀၀ | ၀ | ၀ |
| MAEX | ၃,၁၀၀ | ၃,၁၀၀ | ၉၇၀ | ၃,၀၀၇,၀၀၀ |
| MADPL(PLB) | ၃,၀၅၀ | ၃,၀၅၀ | ၁,၇၀၃ | ၅,၁၉၄,၁၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား ဗိုလ်လောင်းတပ်ခွဲများက အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြစဉ်။

»»» ရှေ့ဖုံးမှ

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်စည်သူ ထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် မင်္ဂလာဒုံတပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကို ခံယူပြီး ကျောင်းဆင်း ဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးသည်။ ထို့နောက် ဗိုလ်လောင်းတပ်ခွဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်း ကောင်းမြင့်မြတ်ထွန်း၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်း သော်ဇင်ဦးနှင့် စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်း အောင်ကိုကိုထက်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က သင်တန်းဆင်းမိန့်ခွန်း ပြောကြားရာတွင် တပ်မတော် ဆေးတက္ကသိုလ်ကို **“တပ်မတော် (ကြည်း၊ ရေ၊ လေ)အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် ဆေးသိပ္ပံပညာရှင်အရာရှိကောင်းများ မွေးထုတ်ပေးရန်”** ဟူသည့် ရည်ရွယ်ချက်ဖြင့် တပ်မတော်အရာရှိ ဆရာဝန်ဆေးမှူးများကို စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ်ပေးလျက်ရှိကြောင်း၊ တပ်မတော်ဆေးတက္ကသိုလ်က မွေးထုတ်ပေးလိုက်သည့် တပ်မတော်သားဆေးသိပ္ပံပညာရှင်များသည် တပ်မတော်သားအရာရှိ၊ စစ်သည်မိသားစုဝင်များသာမက တိုင်းရင်းသားပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ပေးနေသကဲ့သို့ နိုင်ငံတော်နှင့် တပ်မတော်အတွက် ဆေးသိပ္ပံပညာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်လည်း အားသွန်ခွန်စိုက် လုပ်ကိုင်ဆောင်ရွက်နေကြသည်ကို ဂုဏ်ယူဝမ်းမြောက်ဖွယ် တွေ့မြင်ကြရမည်ဖြစ်ကြောင်း။ **စာမျက်နှာ ၄ သို့ »»»**

**❖ တိုက်ပွဲဝင်စစ်သည်တိုင်း တိုက်စွမ်းရည်မြင့်မားရေးအတွက် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်ရေး အထူးလိုအပ်သောကြောင့် သင်ယူတတ်မြောက်ထားသည့် ဆေးပညာရပ်များကို အသုံးချပြီး နေရာဒေသမရွေး၊ အချိန်အခါမရွေး လုံလောက်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးသွားကြရမည်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်း ကောင်းမြင့်မြတ်ထွန်းအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅)မှ လေ့ကျင့်ရေး ထူးချွန်ဆုရရှိသူ ဗိုလ်လောင်း သော်ဇင်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅)မှ စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်း အောင်ကိုကိုထက်အား ဆုပေးအပ်ချီးမြှင့်စဉ်။

»»» စာမျက်နှာ ၃ မှ

တပ်မတော်အရာရှိ ဆရာဝန် ဆေးမှူးများ၏ ကျွမ်းကျင်မှုနှင့် ကျန်းမာရေးစောင့်ရှောက်ပေးမှုများသည် မိမိတို့တပ်မတော်သားများ၏ ကျန်းမာကြံ့ခိုင်ရေးအတွက် အလွန်အရေးကြီးသည့်တာဝန်တစ်ရပ်ဖြစ်ပြီး တပ်မတော်အင်အား တောင့်တင်းခိုင်မာရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သကဲ့သို့ နိုင်ငံတော်ကာကွယ်ရေးစွမ်းပကား မြင့်မားစေရေးအတွက်လည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူ ပြုလျက်ရှိကြောင်း၊ **တိုက်ပွဲဝင်စစ်သည်တိုင်း တိုက်စွမ်းရည်မြင့်မားရေးအတွက် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်ရေးအထူးလိုအပ်သောကြောင့် သင်ယူတတ်မြောက်ထားသည့် ဆေးပညာရပ်များကို အသုံးချပြီး နေရာဒေသမရွေး၊ အချိန်အခါမရွေး လုံလောက်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးသွားကြရမည်ဖြစ်ကြောင်း။**

ယနေ့ခေတ်သည် သိပ္ပံနှင့်နည်းပညာခေတ်ဖြစ်သည်နှင့်အညီ ဆေးသိပ္ပံပညာရပ်နယ်ပယ်သည်လည်း တစ်နေ့တခြားတိုးတက်ပြောင်းလဲနေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ဆန်းသစ်ပြောင်းလဲလာသည့် ကုထုံးနှင့် ဆေးဝါးကိရိယာအသစ်များ ပေါ်ပေါက်လာသကဲ့သို့ ထူးခြားဆန်းပြားသည့် ရောဂါဘယများကလည်း ဆေးပညာနယ်ပယ်ကို စိန်ခေါ်လျက်ရှိနေကြကြောင်း၊ ယင်းတို့ကို ရင်ဆိုင်ကျော်လွှားနိုင်ရေး ဆေးသိပ္ပံဆိုင်ရာ ပညာရပ်များနှင့်ပတ်သက်၍ သုတေသနပြုခြင်းအပါအဝင် တီထွင်ဆန်းသစ်မှုများကိုလည်း စဉ်ဆက်မပြတ် လေ့လာဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လက်ရှိ မိမိတို့နိုင်ငံတွင်လည်း အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီကို ဖွဲ့စည်းထားပြီး ဆန်းသစ်တီထွင်မှုဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိနေကြောင်း၊ ကျန်းမာရေးကဏ္ဍဆိုင်ရာတွင် နည်းပညာအသစ်များနှင့် ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှု၊ ကျန်းမာရေးနှင့် လူသားအရင်းအမြစ်ချိတ်ဆက်မှု၊ ဆေးပညာဆိုင်ရာ တက္ကသိုလ်အဆင့် ချိတ်ဆက်မှုများမှတစ်ဆင့် ကုသမှုနည်းပညာများ ပေါင်းစည်းခြင်းနှင့် အဆင့်မြင့်ကုသနည်းဖော်ထုတ်ခြင်း အစရှိသည်တို့ကို နည်းပညာလွှဲပြောင်းမှုစင်တာများနှင့် အသိပညာဖြန့်ဝေရေးစင်တာများမှ တစ်ဆင့် ချိတ်ဆက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ပြောင်းလဲတိုးတက်လာသည့် နည်းပညာရပ်များ၊ ဆေးသိပ္ပံပညာရပ်များကို မျက်ခြည်မပြတ်စေဘဲ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ဆေးသိပ္ပံပညာရှင်များ ဖြစ်အောင် တပ်မတော်ဆေးတက္ကသိုလ်က သင်ကြားပေးလိုက်သည့် ဆေးပညာရပ်များမှ တစ်ဆင့် အဆင့်မြင့်ဆေးပညာရပ်များကို ဆက်လက်ဆည်းပူး လေ့လာဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ဦးတည်ချက်(၉)ရပ်အနက် လူမှုရေးဦးတည်ချက် ဒုတိယအချက်ဖြစ်သည့် **“တစ်မျိုးသားလုံး သက်ရှည်ကျန်းမာ ကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး”** ဟူသည့် အချက်ကို အကောင်အထည်ဖော်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ ဆေးဝန်ထမ်းတပ်ဖွဲ့ကလည်း ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကို အလေးထားမြှင့်တင်ဆောင်ရွက်လျက် ရှိကြောင်း၊ နိုင်ငံတကာဆေးတပ်ဖွဲ့များနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် ပြည်တွင်း၌ ဆေးသိပ္ပံညီလာခံများ၊ ဆေးပညာနှီးနှော ဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ပေးပြီး နိုင်ငံခြားသား ကျွမ်းကျင်ပညာရှင်များနှင့် စစ်ဘက်ကျန်းမာရေးစောင့်ရှောက်မှု အတွေ့အကြုံ ဖလှယ်ခြင်းများကို ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ ထို့အပြင် ပြောင်းလဲတိုးတက်လာနေသည့်ဆေးပညာဘာသာရပ်များကို မျက်ခြည်မပြတ် လေ့လာနိုင်ရေးအတွက် သုတေသနလုပ်ငန်းများကိုလည်း နိုင်ငံတကာစံချိန်စံညွှန်းများနှင့် အညီ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ပေးလျက် ရှိကြောင်း၊ ထို့ကြောင့် တာဝန်ကျရာဒေသအသီးသီးကို ရောက်ရှိသည့်အခါ၌ **ဆေးဝန်ထမ်းတပ်ဖွဲ့၏ မူလတာဝန်များအပြင် နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍ မြှင့်တင်ရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုပေးနိုင်သည့် တပ်မတော်သား ဆရာဝန်သမားကောင်းများအဖြစ် တာဝန်ထမ်းဆောင်သွားကြရန်** မှာကြားလိုကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုဖြစ်ရန်အတွက် ကျန်းမာကြံ့ခိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်သည်ဖြစ်သောကြောင့် နိုင်ငံတစ်နိုင်ငံ၏ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု (Public Health Care) သည် **စာမျက်နှာ ၅ သို့** »»»

✻ **ဆေးဝန်ထမ်းတပ်ဖွဲ့၏ မူလတာဝန်များအပြင် နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍ မြှင့်တင်ရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုပေးနိုင်သည့် တပ်မတော်သား ဆရာဝန်သမားကောင်းများအဖြစ် တာဝန်ထမ်းဆောင်**

✻ **“လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိ” ဟူသည့်အတိုင်း မိမိတို့တပ်မတော်အနေဖြင့်လည်း ပြည်သူလူထုအတွက် ပိုမိုကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ပြည်သူများ၏ နေ့စဉ်လူမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရမည်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းများနှင့် မိဘများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

»»» စာမျက်နှာ ၄ မှ

လွန်စွာအရေးကြီးကြောင်း၊ **ပြည်သူလူထု၏ ကျန်းမာရေးနှင့်ပတ်သက်ပြီး "လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိ" ဟူသည့်အတိုင်း မိမိတို့တပ်မတော်အနေဖြင့်လည်း ပြည်သူလူထုအတွက် ပိုမိုကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ပြည်သူများ၏ နေ့စဉ်လူမှုဘဝ လုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။**

**ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အားတက်သရော အောင်မြင်စွာ လုပ်ဆောင်**

ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ အနေဖြင့် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးတွင် ပြည်သူလူထုကို ဆေးအကာအကွယ်ပေးရေးအပါအဝင် နိုင်ငံအနှံ့အပြားအခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးနေခြင်းသည် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်ကို တာဝန်သိသိဖြင့် ဆောင်ရွက်ပေးနေခြင်းဖြစ်ပြီး ပြည်သူလူထု၏ အသက်ခန္ဓာများကို ကာကွယ်စောင့်ရှောက်ပေးနေခြင်း ဖြစ်သောကြောင့် တစ်နည်းအားဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေခြင်းဖြစ်သည်ကို သိရှိနားလည်ထားကြရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် တာဝန်ကျရာနယ်မြေ ဒေသအသီးသီးသို့ ရောက်ရှိချိန်တွင် မိမိတို့ တတ်ကျွမ်းထားသည့် ဆေးပညာများကို လက်တွေ့အသုံးချပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အားတက်သရော အောင်မြင်စွာ လုပ်ဆောင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ် တည်ဆောက်ရာတွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးအကြီးဆုံးဖြစ်သကဲ့သို့ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထု သက်ရှည်ကျန်းမာရေးသည် အခြေခံအကျဆုံးဖြစ်ကြောင်း၊ ပြည်သူလူထု သက်ရှည်ကျန်းမာစေရေးအတွက် အရည်အချင်းပြည့်ဝသည့် ပါရဂူ၊ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများ ပြည့်စုံလုံလောက်စွာရှိရန် အလွန်အရေးကြီးကြောင်း။

မြန်မာ့လူမှုပတ်ဝန်းကျင်တွင် ဆရာဝန်များကို သမားဂုဏ်အရ တလေးတစားနေရာပေးလေ့ရှိသကဲ့သို့ တပ်မတော်သားဆရာဝန်အရာရှိများကိုလည်း ကိုယ်ကျိုးစွန့်အနစ်နာခံသည့် ယောကျ်ားကောင်းများအဖြစ် အသိအမှတ်ပြုနေကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အပင်ပန်းခံကြိုးစားအားထုတ်ပြီး ရရှိလာခဲ့သည့် တပ်မတော်သားအရာရှိ ဆရာဝန် ဆေးမှူးဟူသည့် ဂုဏ်ပုဒ်ကို မထိခိုက်မပျက်စီးစေရေး အစစအရာရာ ကိုယ်တိုင်ထိန်းသိမ်းနေထိုင်သွားကြရန်လိုအပ်ကြောင်း၊ ထို့ပြင် တပ်မတော်သားဆရာဝန်များ ဖြစ်သည်နှင့်အညီ လိုအပ်လာပါက ခြေလျင်စစ်သည်များနှင့်အတူ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် စစ်ဆင်ရေးတာဝန်များကိုပါ ထမ်းဆောင်ကြရမည်ဖြစ်သဖြင့် အမိန့်နာခံမှုကောင်းပြီး စစ်ပညာများကို အသုံးချတတ်သည့် စစ်ခေါင်းဆောင်များဖြစ်အောင် ကြိုးစားကြရန်လိုကြောင်း။



တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။

ဆေးကုသရေးတာဝန် ထမ်းဆောင်ချိန်တွင် ဆေးပညာရပ်များကို အသုံးချပြီး လူနာများအပေါ်တွင် **ကောင်းမြတ်သည့်စေတနာ၊ မွန်မြတ်သည့်စိတ်ထား၊ ပြည့်ဝသည့် အကြင်နာ မေတ္တာတရားများနှင့်** တာဝန်ထမ်းဆောင်ကြရမည် ဖြစ်သကဲ့သို့ စစ်ဆင်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်ချိန်တွင်လည်း သင်ကြားပေးလိုက်သည့် စစ်ပညာရပ်များကို အသုံးချပြီး **"တပ်မတော်၏ အစဉ်အလာကို အသက်ပေးစောင့်ထိန်းလိုသည့် စိတ်ဓာတ်"** ဖြင့် တာဝန်ထမ်းဆောင်သွားကြရမည် ဖြစ်ကြောင်း၊ ထိုကဲ့သို့ စိတ်ဓာတ်ကောင်းများ မွေးမြူပြီး လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် တပ်မတော်သား ဆရာဝန်၊ ခေါင်းဆောင်ငယ်များအဖြစ် နိုင်ငံတော်နှင့် တပ်မတော်က အားကိုးအားထားပြုရသည့် ဆေးဝန်ထမ်းတပ်ဖွဲ့၏အနာဂတ်တာဝန်များကို ပခုံးပြောင်းတာဝန်ယူဆောင်ရွက်နိုင်မည့် **"သမားဇာနည် အောင်စစ်သည်"** များဖြစ်အောင် အထူးကြိုးစားသွားကြရန် အလေးအနက်ထားမှာကြားလိုကြောင်း။

တပ်မတော် (ကြည်း၊ ရေ၊ လေ) အတွက် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် ဆေးသိပ္ပံပညာရှင် အရာရှိကောင်းများအဖြစ် နိုင်ငံတော်၊ တပ်မတော်နှင့် တိုင်းရင်းသား ပြည်သူလူထုအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ ပြောင်းလဲတိုးတက်နေသည့် ဆေးသိပ္ပံပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးသုတေသနပြုပြီး ကျွမ်းကျင်သည့် ဆေးသိပ္ပံပညာရှင်များဖြစ်အောင် ကြိုးစားသွားကြရန်၊ ဆေးဝန်ထမ်းတပ်ဖွဲ့၏ ရည်မှန်းချက်ဖြစ်သော **"ကျန်းမာကြံ့ခိုင် တိုက်နိုင်ရန်"** ဟူသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံတော် ကာကွယ်ရေးတာဝန်ထမ်းဆောင်နေကြသည့်တပ်မတော်သားများ ကျန်းမာကြံ့ခိုင်ပြီး ပေးအပ်သည့် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေး မိမိတို့ တတ်ကျွမ်းသည့် ဆေးပညာဖြင့် စောင့်ရှောက် ကာကွယ်သွားကြရန်၊ **တပ်မတော်ဆေးတက္ကသိုလ်၏ ဂုဏ်၊ ဆေးဝန်ထမ်းတပ်ဖွဲ့၏ဂုဏ်၊ တပ်မတော်၏ဂုဏ်ကို မြှင့်တင်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေသည့် "သမားဇာနည် အောင်စစ်သည်" များဖြစ်အောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြရန်** မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် တပ်မတော်ဆေးတက္ကသိုလ်ကျောင်းဥာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းများနှင့် မိဘများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

**အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်**

ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ထူးချွန်ဆုများ ရရှိကြသည့်အတွက် မိဘများနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ **သင်တန်းကာလတစ်လျှောက်လုံး မျှော်မှန်းချက်၊ ရည်မှန်းချက်ရှိစွာဖြင့် မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် အစဉ်တစိုက်ကြိုးစားအားထုတ်ခဲ့ပြီး မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနှင့် နေထိုင်ခဲ့မှုအကျိုးရလဒ်ကို ခံစားရခြင်းပင်ဖြစ်ကြောင်း၊** အခြေခံပညာ အထက်တန်းပညာကို မြင့်မားသောရမှတ်များဖြင့် အောင်မြင်ခဲ့သည့် အခြေခံကောင်းများကို ယခုတက္ကသိုလ်ပညာရပ်များ ဆည်းပူးရာတွင်လည်း ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပြီး ကြိုးစားခဲ့သောကြောင့် ထူးချွန်စွာအောင်မြင်ခဲ့ပြီးဖြစ်သဖြင့် ရှေ့ဆက်လက်လျှောက်လှမ်းရမည့် ဘဝခရီးတစ်လျှောက်တွင်လည်း မိမိတို့၏ ရည်မှန်းချက်များ မပျောက်ပျက်၊ မယိမ်းယိုင်စေရေးအတွက် ရှိပြီးဖြစ်သည့် အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ **ကြိုးစားအားထုတ်မှုရှိမှသာလျှင် ဘဝရပ်တည်မှုများ မြင့်မားမည်ဖြစ်သဖြင့် မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်မပျောက်စေရေးအတွက် စဉ်ဆက်မပြတ်ဆက်လက် ကြိုးပမ်းအားထုတ်သွားရန်နှင့် မိမိကိုယ်ကို စောင့်ထိန်းနေထိုင်သွားကြရန်လိုကြောင်း၊** ပြောင်းလဲတိုးတက်နေသည့် ခေတ်နှင့်အမီလိုက်နိုင်ရေးအတွက် စာပေဖတ်ရှုလေ့လာခြင်း၊ လက်တွေ့အသုံးချခြင်း၊ မျှဝေခြင်းများကို ဆောင်ရွက်သွားရန်လည်းလိုကြောင်း၊ မိမိတို့ တာဝန်ထမ်းဆောင်ရာ ဒေသများအလိုက်တွင် ပြည်သူလူထုကို ဆေးပညာဖြင့်သာ အကျိုးပြုရုံမကဘဲ မိမိတို့ သိရှိထားသည့် စာပေဗဟုသုတများဖြင့် နည်းကောင်းလမ်းပြပေးခြင်းဖြင့်လည်း အကျိုးပြုသွားကြရန်လိုကြောင်း။

**ငယ်စဉ်ကလေးဘဝမှ တက္ကသိုလ်ရောက်သည်အထိ ကျွေးမွေးစောင့်ရှောက်သွန်သင်ပေးခဲ့သည့် ကြီးမားလှသည့် မိဘဆရာတို့၏ဂုဏ်ကျေးဇူးကို သိတတ်နားလည် ကျေးဇူးဆပ်ရမည်ဖြစ်သကဲ့သို့ အသိပညာများနှင့် အတတ်ပညာများကို သင်ကြားပေးလိုက်သည့် တပ်မတော်ဆေးတက္ကသိုလ်မှ ဆရာ ဆရာမများ၊ တပ်မတော်နှင့် နိုင်ငံတော်၏ ဂုဏ်ကျေးဇူးကိုလည်း စစ်သားကောင်းတစ်ဦး၊ ဆရာဝန်ကောင်းတစ်ဦး ပီသစွာနေထိုင်ကျင့်ကြံခြင်း၊ မိမိကိုယ်ကိုတန်ဖိုးထား၍ ဆက်လက် တိုးတက်အောင်နေထိုင်ခြင်း၊ သစ္စာရှိရှိဖြင့် ပေးအပ်လာသည့် တာဝန်များကိုကျေပွန်အောင် ထမ်းဆောင်ခြင်းတို့ဖြင့် ကျေးဇူးဆပ်ရမည်ဖြစ်ကြောင်း၊** ရှေ့ဆက်လျှောက်လှမ်းရမည့် ဘဝခရီးတစ်လျှောက်လုံး အောင်မြင်သူများဖြစ်စေရေး၊ ခေါင်းဆောင်ကောင်းများဖြစ်စေရေး၊ ကြီးမားသည့်တာဝန်များကို လက်ဆင့်ကမ်း တာဝန်ပေးအပ်နိုင်ရေး မိမိဘဝကိုမိမိ ကြိုးစားတည်ဆောက်သွားကြရန် လိုကြောင်း မှာကြားသည်။

**သတင်းစဉ်**

# တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၂၅) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၏ စုဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အဆိုပါ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် မင်္ဂလာဒုံတပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က သင်တန်းဆင်း အရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်း အရာရှိများ၊ ညစာစားပွဲတက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာသုံးဆောင်အပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော် ဆေးတက္ကသိုလ် ဂုဏ်ပြု စစ်တီးဝိုင်းတပ်ဖွဲ့၏ ဂုဏ်ပြုတီးမှုတ်မှုကို ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းဆင်းအရာရှိများနှင့်အတူ ဘွဲ့နှင်းသဘင် ခန်းမဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏ တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် ညစာစားပွဲအခမ်းအနားတက်ရောက်လာကြသူများအား ကျောင်းဆင်းဗိုလ်လောင်းများက ကြိုဆိုနှုတ်ဆက်စဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ ကျောင်းဆင်းအရာရှိများနှင့်အတူ မြဝတီတေးဂီတအဖွဲ့၏ တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြစဉ်။

# တပ်မတော်ဆေးတက္ကသိုလ်၏ (၂၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

တပ်မတော်ဆေးတက္ကသိုလ်၏ (၂၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်စိုးညွန့်၊ တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ခင်အောင်ထွန်းနှင့် တပ်မတော်ဆေးတက္ကသိုလ်မှ ပညာရေးအဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။




အစီအစဉ်အရ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမသို့ဝင်ရောက်၍ သတ်မှတ်နေရာများတွင် နေရာယူကြပြီး မြန်မာ့ဆိုင်းတူရိယာအဖွဲ့က နိုင်ငံတော်သီချင်းတီးမှုတ်ကာ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင်ကျင်းပကြောင်းကြေညာပြီး ဘွဲ့ယူမည့်သူများအား ကတိသစ္စာခံယူစေခြင်း၊ မော်ကွန်းထိန်းက ဘွဲ့ယူမည့်သူများအား ပါမောက္ခချုပ်ထံသို့ ပို့ဆောင်ခြင်းတို့ကို အစီအစဉ်အတိုင်းဆောင်ရွက်ကြသည်။

ယင်းနောက် ပါမောက္ခချုပ်က ဆေးပညာဘွဲ့နှင့် သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့ရရှိသူတို့အား ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။ ဆက်လက်၍ ပါမောက္ခချုပ်က ဘွဲ့ရသူများအား ဘွဲ့များနှင့် လျော်ညီသော အဆောင်အယောင် အမှတ်လက္ခဏာဖြစ်သည့်ဝတ်ရုံများကို ဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဘွဲ့နှင်းသဘင်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင် မိန့်ခွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်း ကြေညာကာ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာကြသည်။

အဆိုပါ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းများရရှိသည့် ပညာရည်ထူးချွန်ဆုအဆင့်များ ဂုဏ်ထူးများသည် တပ်မတော်ဆေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများနှင့်သာ စစ်ဆေးခြင်းမဟုတ်ဘဲ ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ဆေးတက္ကသိုလ်(မန္တလေး)၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်၊ ဆေးတက္ကသိုလ်(မကွေး)၊ ဆေးတက္ကသိုလ်(တောင်ကြီး) စသည့် တစ်နိုင်ငံလုံးရှိ ဆေးတက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် စာစစ်ပုဂ္ဂိုလ်များ၏ စစ်ဆေးချက်များနှင့်အညီ ချီးမြှင့်ခြင်းဖြစ်ပြီး တပ်မတော်ဆေးတက္ကသိုလ်၏ သင်ရိုးညွှန်းတမ်းများကိုလည်း အခြားသော တက္ကသိုလ်များနှင့် ညှိနှိုင်းရေးဆွဲထားရှိ၍ ဆေးပညာသင်ကြားရေးဆိုင်ရာ သင်ရိုးညွှန်းတမ်းအရ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီ အထူးအောင်သတ်မှတ်ခြင်းနှင့် ဂုဏ်ထူးပေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# သိမှတ်လိုက်နာသင့်ရာ မြန်မာမျိုးပြစကားလုံးများ

အင်ကြင်းခိုင် (ရန်ကုန်တက္ကသိုလ်)

မြန်မာစာနှင့်ပတ်သက်၍ အဓိကကျပြီး သိမှတ်လိုက်နာသင့်ရာ မြန်မာမျိုးပြစကားလုံးများ အကြောင်းကို တင်ပြလိုပါသည်။ မျိုးပြစကားလုံး ဆိုသည်မှာ အမျိုးအစားကိုပြသော စကားလုံးကို မျိုးပြစကားလုံးဟုခေါ်သည်။ ထိုမျိုးပြများစွာ အနက်မှ သက်ရှိများ၏ ဂုဏ်အဆင့်အတန်းကို ဖော်ပြသည့်မျိုးပြနှင့် သက်မဲ့ပစ္စည်းများကို ဖော်ပြသည့် မျိုးပြများဟု နှစ်ပိုင်းခွဲခြားပြီး တင်ပြလိုပါသည်။

ပထမဦးစွာ သက်ရှိများ၏ အဆင့်အတန်းကို လိုက်ပြီးသုံးရသည့် မျိုးပြများအနေဖြင့် **"ဘုရား"**၊ **"သံဃာ"**၊ **"လူ"**၊ **"တိရစ္ဆာန်"** တို့ကို ဖော်ပြလိုပါသည်။ **"ဘုရား"** ကို "ဆူ"၊ **"သံဃာ"** ကို "ပါး"၊ **"လူ"** ကို "ယောက်"၊ "ဦး"၊ "တိရစ္ဆာန်" ကို "ကောင်" ဆိုပြီး ခွဲခြားသုံးသည်ကို တွေ့ရှိရသည်။

ဒုတိယအနေဖြင့် သက်မဲ့ပစ္စည်းများအတွက် သုံးသည့် မျိုးပြစကားလုံးများကို တင်ပြလိုပါသည်။ သာဓကအားဖြင့် "လက်စွပ်တစ်ကွင်း"၊ "ဖျာတစ်ချပ်"၊ "ခဲတံတစ်ချောင်း"၊ "ပိုက်ဆံငါးပြား"၊ "ရထားတစ်စင်း"၊ "လှေကားတစ်စီး"၊ "ပန်းသီးတစ်လုံး" တွင်ပါဝင်သော "ကွင်း၊ ချပ်၊ ချောင်း၊ ပြား၊ စင်း၊ လုံး" တို့သည် သက်မဲ့မျိုးပြစကားလုံးများ ဖြစ်သည်။ ဖော်ပြပါ သက်မဲ့ပစ္စည်းမျိုးပြစကားလုံးများသည် အကွင်းပုံသဏ္ဍာန်ရှိ၍ "လက်စွပ်တစ်ကွင်း"၊ အချပ်ပုံသဏ္ဍာန်ရှိ၍ "ဖျာတစ်ချပ်"၊ အချောင်းပုံသဏ္ဍာန်ရှိ၍ "ခဲတံတစ်ချောင်း"၊ အပြားပုံသဏ္ဍာန်ရှိ၍ "ပိုက်ဆံငါးပြား"၊ အလုံးပုံသဏ္ဍာန်ရှိ၍ "ပန်းသီးတစ်လုံး" ဟု ခေါ်ဆိုခြင်းဖြစ်သည်။

ဆက်လက်၍ 'စင်း' မျိုးပြအသုံးနှင့်ပတ်သက်၍ ထပ်မံတင်ပြလိုပါသည်။ စင်း၏အနက်မှာ ဖြောင့်စင်းသည်ဟု ဆိုလိုရင်းဖြစ်သောကြောင့် ရှည်ရှည်၊ ဖြောင့်ဖြောင့် အရာဝတ္ထုပုံသဏ္ဍာန်ကို ဖော်ပြခြင်းဖြစ်၍ 'စင်း' ဟူသော မျိုးပြနှင့်တွဲဖက်သုံးခြင်းဖြစ်သည်။ သာဓကပြရသော် "ရထားတစ်စင်း" ဟူသော အသုံးမျိုးဖြစ်သည်။ တစ်ဖန် စီးနင်းလိုက်ပါရသည့်အရာဖြစ်သော "သင်္ဘော နှစ်စီး၊ မြင်းတစ်စီး" တို့ကို "တစ်စီး၊ နှစ်စီး"ဟု သုံးနှုန်းလေ့ရှိပါသည်။

သက်မဲ့ပစ္စည်းများအတွက်သုံးသည့် အကောင်အထည်မရှိသော သဘောတရားများကို ဖော်ပြသည့်အခါသုံးသော မျိုးပြစကားလုံးနှင့် ဒြပ်မဲ့သဘောတွင် ဖော်ပြသည့်အခါသုံးသော မျိုးပြစကားလုံးများကို ထပ်မံဖော်ပြလိုပါသည်။

အကောင်အထည်မရှိသော "ပါး" ဆိုသည့် မျိုးပြစကားလုံးကို ဖော်ပြလိုပါသည်။ သာဓကအနေဖြင့် **"ရတနာသုံးပါး၊ အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ အနာမျိုးကိုးဆယ့်ခြောက်ပါး၊ ဂုဏ်တော်ကိုးပါး၊ အနန္တောအနန္တငါးပါး"** စသည့် အကောင်အထည်မရှိသော စကားလုံးများနှင့် တွဲသောမျိုးပြစကားလုံး "ပါး" အပြင် "ရပ်" ဆိုသည့် မျိုးပြစကားလုံးကို ထပ်မံတင်ပြလိုပါသည်။

"အင်္ဂါရသ ဆယ့်ရှစ်ရပ်၊ ဦးတည်ချက်ကိုးရပ်၊ ဆုံးဖြတ်ချက် လေးရပ်" ဟူသည့် မျိုးပြအသုံးကို တွေ့ရှိရပါသည်။

သက်မဲ့ပစ္စည်း၊ ဒြပ်မဲ့ပစ္စည်းများတွဲပြီး တွင်တွင်ကျယ်ကျယ်အသုံးပြုနေသည့် "ခု" အသုံးနှင့်ပတ်သက်၍ အကောင်အထည်ရှိ မျိုးပြစကားလုံးဖြစ်သော "မုန့်တစ်ခု၊ ကစားစရာတစ်ခု" နှင့် အကောင်အထည်မရှိသည့် မျိုးပြစကားနှင့်တွဲ၍ "ပညာရပ်တစ်ခု၊ သဘောတစ်ခု" ဆိုသည့် မျိုးပြအသုံးမျိုးအပြင် ထူးထူးခြားခြားသုံးသည့် "အမေတစ်ခုသားတစ်ခု" ဆိုသည့်စကားရပ်သည် အမေနှင့်သား နှစ်ယောက်တည်းရှိသည့် မိသားစုကို "အမေတစ်ခု သားတစ်ခု"ဟု သက်ရှိလူနှင့် မျိုးပြစကားလုံး "ခု" ကိုတွဲပြီး သုံးခဲ့သည်။ မျိုးပြစကားလုံးဖြစ်သည့် "တို့ **တစ်ခုပြောချင်တာက**၊ တို့ **တစ်ခုတော့ရှိတယ်**၊ မင်းပြောတာ **တစ်ခုမှမဟုတ်ဘူး**" ဆိုသည့် စကားများတွင် မျိုးပြ "ခု" ကို တွင်တွင်ကျယ်ကျယ် အသုံးပြုနေသည်။

ဆက်လက်ပြီး မျိုးပြအသုံးတွင် သက်ဆိုင်ရာ သက်ရှိ၊ သက်မဲ့တို့နှင့် ပုံသေတွဲသုံးသည့် အသုံးအနေဖြင့် "လူ"ဟူသော သက်ရှိကို "ယောက်"၊ တိရစ္ဆာန်ဟူသော သက်ရှိကို "ကောင်" ဟု သုံးနေကြသော်လည်း "ဒီသားတစ်ကောင်ကတော့ တော်တော်မိုက်ရိုင်းတယ်"ဟူသော မိဘ၏ ကရုဏာဒေါသနှင့် ပြောသည့်အပြောတွင် "သားတစ်ယောက်"လို့ မသုံးဘဲ "သားတစ်ကောင်"ဟု သုံးနှုန်းသည်ကို တွေ့ရှိရသည်။

ထို့ကြောင့် မျိုးပြစကားလုံးတို့သည် သက်ဆိုင်ရာ သက်ရှိ၊ သက်မဲ့တို့နှင့် အသုံးကွဲပြားသည့်အခါ အဓိပ္ပာယ်ကွဲပြားသွားသည်ကို တွေ့ရှိရသည်။ သာဓကပြရသော် "မြင်းတစ်ကောင်"ဟူသော အသုံးကြောင့် မြင်းကို "တိရစ္ဆာန်" အဖြစ် သုံးသည်ဟု အနက်ရပြီး "မြင်းတစ်စီး"ဟူသော အသုံးတွင် မြင်းကိုစီးစရာအဖြစ် ရည်ရွယ်သုံးကြောင်း သိနိုင်သည်။

တစ်ဖန် "မင်းသား"ဟူသော စကားလုံးကို မျိုးပြစကားလုံး "ပါး၊ လက်၊ ယောက်" တို့နှင့် တွဲသုံးသောအခါ "မင်းသားတစ်ပါး"၊ "မင်းသားတစ်လက်"၊ "မင်းသားတစ်ယောက်" ဟူ၍ ဖြစ်လာသည်။ "မင်းသားတစ်ပါး"ဟု ဆိုရာတွင် ရှေးဘုရင်များ၏ သားတော်များကို ဆိုလိုသည်။ ရုပ်ရှင်၊ ဇာတ်သဘင်လောကတွင်မူ မင်းသားများကို "လက်"၊ "ယောက်" စသည့် မျိုးပြများကို သုံးလေ့ရှိပါသည်။

ဖော်ပြပါ မြန်မာစာပေလော မျိုးပြစကားလုံးများနှင့်ပတ်သက်၍ အဓိကကျပြီး မှတ်သားဖွယ်ရာ မြန်မာမျိုးပြ စကားလုံးများကဏ္ဍမှ သက်ရှိများ၏ ဂုဏ်အဆင့်အတန်းကို ဖော်ပြသည့် မျိုးပြနှင့် သက်မဲ့ပစ္စည်းများကို ဖော်ပြသည့် အလေးချိန်၊ အတိုအရှည်၊ အရွယ်ပမာဏ၊ အစိတ်အပိုင်းတို့ကို ဖော်ပြသည့် မျိုးပြများအကြောင်းကို သိရှိမှတ်သားစေရန် ရေးသားတင်ပြလိုက်ရပါသည်။ ။

## တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်းဗိုလ်လောင်းများအား ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်း အခမ်းအနားကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၁၈**

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် စိုးညွှန့်နှင့် ကျောင်းဆင်းဗိုလ်လောင်းများ တက်ရောက်ကြသည်။

အခမ်းအနား အစီအစဉ်အရ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်၊ တပ်မတော်အရာရှိကြီးများနှင့် တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်တွင် နေရာယူကြပြီး ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က ကျောင်းဆင်းဗိုလ်လောင်းတစ်ဦးချင်းစီအား ပြန်တမ်းဝင် ခန့်အပ်လွှာများ ပေးအပ်သည်။

ထို့နောက် စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၈-၁၂-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန်(၀၆:၃၀)နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၀-၁၂-၂၀၂၄ မှ ၂၃-၁၂-၂၀၂၄ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ**




**☆ မိုးသည်းထန်စွာမှ အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်း ပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

**✻ ကျောဖုံးမှ**

မြန်မာအသင်းသည် ဇင်ညီညီအောင် (ဂိုး)၊ ဟိန်းဖြိုးဝင်း၊ စိုးမိုးကျော်၊ သီဟထက်အောင်၊ သက်ဟိန်းစိုး၊ နန္ဒကျော်၊ ဇော်ဝင်းသိန်း၊ လွင်မိုးအောင်၊ မောင်မောင်လွင်၊ သီဟဇော်၊ အောင်ကောင်းမာန်တို့ဖြင့် ပွဲထွက်လာပြီး မိနစ် ၂၀ ကျော်မှာပင် ဝင်းနိုင်ထွန်းနှင့် ဥက္ကာနိုင်ကိုထည့်ကာ တိုက်စစ်အားမြှင့်ခဲ့သည်။ ပွဲအစပိုင်းတွင် မြန်မာခံစစ် အားနည်းချက်ကြောင့် လာအိုအသင်း ဂိုးရနိုင်သည့် အပိုင် အခွင့်အရေး သုံးကြိမ်ရသော်လည်း ဂိုးသမား ဇင်ညီညီအောင် ကာကွယ်နိုင်ခဲ့သည်။ မိနစ် ၂၀ နောက်ပိုင်းတွင် မြန်မာအသင်း ကစားပုံပြန်လည်တည်ငြိမ်လာပြီး လာအိုဘက်သို့ ပြန်လည်ဖိအားပေးနိုင်ခဲ့သည်။ ၃၂ မိနစ်တွင် လွင်မိုးအောင်က ခေါင်းတိုက်ပြီး မြန်မာအသင်းအတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းအစတွင်လည်း မြန်မာအသင်းကသာ ဖိကစားနိုင်ပြီး ဂိုးသွင်းခွင့်များရသော်လည်း သီဟဇော်၊ ဝင်းနိုင်ထွန်းနှင့် လွင်မိုးအောင်တို့ အသုံးမချနိုင်ခဲ့ပေ။ ၇၅ မိနစ်နောက်ပိုင်းတွင် လာအိုအသင်း မထင်မှတ်ဘဲ ဂိုးများဆက်တိုက်ရခဲ့ပြီး ၇၇ မိနစ်တွင် ဆိုဗန်နီက ချေပဂိုးနှင့် ၈၁ မိနစ်တွင် ဝမ်ပါဆာသ်က ဦးဆောင်ဂိုးပြန်သွင်းခဲ့သည်။ အနိုင်မှ အရှုံးပြန်ဖြစ်သွားသည့် မြန်မာအသင်းသည် ဂိုးပြန်ရရန် ဆက်တိုက်တိုက်စစ်ဆင်ကစားခဲ့ရာ ဝင်းနိုင်ထွန်းက ၈၇ မိနစ်တွင် ချေပဂိုးနှင့် ၉၀+၃ မိနစ်တွင် အနိုင်ဂိုး သွင်းယူခဲ့သည်။

မြန်မာအသင်းသည် သုံးပွဲကစား လေးမှတ်ရထားပြီး လာအိုအသင်းမှာမူ ပွဲကုန်လေးပွဲကစား နှစ်မှတ်ရရှိခဲ့သည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဒီဇင်ဘာ ၂၁ ရက်တွင် ဗီယက်နမ်အသင်းနှင့် အဝေးကွင်း ကစားရမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-သော်ကြီး**

## ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
အမိန့်အမှတ်၊ ၅၂ / ၂၀၂၄
၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်
(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

**ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဗိုလ်ချုပ်ကြီး တင်အောင်စန်း အား ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး နိုင်ငံတော်ဝန်ကြီးချုပ်ရုံးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
အမိန့်အမှတ်၊ ၅၃ / ၂၀၂၄
၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်
(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

**ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဗိုလ်ချုပ်ကြီး မောင်မောင်အေး အား ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## စက်မှုဖွံ့ဖြိုးရေးကော်မရှင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
အမိန့်အမှတ်၊ ၅၄ / ၂၀၂၄
၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်
(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

**စက်မှုဖွံ့ဖြိုးရေးကော်မရှင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် စက်မှုဖွံ့ဖြိုးရေးကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဗိုလ်ချုပ်ကြီး မြထွန်းဦး<br>ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒေါက်တာချာလီသန်း<br>ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးခင်မောင်ရီ<br>ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးဉာဏ်ထွန်း<br>ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဦးကိုကိုလွင်<br>ပြည်ထောင်စုဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒေါက်တာမျိုးသိန်းကျော်<br>ပြည်ထောင်စုဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးမျိုးသန့်<br>ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဗိုလ်ချုပ် တိုးရီ<br>ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒေါ်သန်းသန်းလင်း<br>ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒေါက်တာဝါဝါမောင်<br>ဒုတိယဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဦးမြင့်စိုး<br>ဒုတိယဝန်ကြီး၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဦးဝင်းရှိန်<br>ဒုတိယဝန်ကြီး၊ အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဦးမင်းမင်း<br>ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်ချုပ် ဇော်နိုင်ဦး<br>ညွှန်ကြားရေးမှူး၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဦးအေးဝင်း<br>ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ<br>ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| (တ) | ဦးရင်မောင်ညွန့်<br>ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ စက်မှုဖွံ့ဖြိုးရေးကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သီးခြားထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# ပြည်ပပို့ကုန် စိုက်ပျိုးရေး၊ မွေးမြူရေးထွက်ကုန်များ နှစ်ဆတိုးတင်ပို့နိုင်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြည်ပပို့ကုန် စိုက်ပျိုးရေး၊ မွေးမြူရေးထွက်ကုန်များ နှစ်ဆတိုးတင်ပို့နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် စက်မှုဇုန်ရှိ Dakhina Meat Export Company Limited သို့ရောက်ရှိပြီး ပြည်တွင်းဖြန့်ဖြူးနေမှုနှင့် ပြည်ပသို့တင်ပို့မှုအခြေအနေများကို ကြည့်ရှုသည်။

**လိုက်လံကြည့်ရှု**

ကြည့်ရှုစဉ် Dakhina Meat Export Company Limited တာဝန်ခံက အသားပိုင်းဖြတ်ခြင်း၊ အသားပြုတ်ခြင်း၊ အေးခဲခြင်း၊ ထုပ်ပိုးခြင်း လုပ်ငန်းအဆင့်ဆင့်ကိုတင်ပြရာ ဒုတိယဝန်ကြီးက အသားထုတ်လုပ်မှုကဏ္ဍတန်ဖိုးတိုးတက်ရေးသည် ပုဂ္ဂလိကကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ် များစွာတည်မှီနေသဖြင့် ဌာနနှင့် ပုဂ္ဂလိကများအကြား ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေး၊ လုပ်ငန်းခွင်ဆောင်ရွက်သူများ ကူးစက်ရောဂါကင်းစင်ရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး အလေးထားဆောင်ရွက်ရန် လိုအပ်ချက်များ၊ မွေးမြူရေးထွက်ကုန်များ ပြည်တွင်းစားသုံးမှု ဖူလုံမှုရှိစေရန်နှင့် ပြည်ပတင်ပို့မှု တိုးမြှင့်နိုင်ရေးနှင့် ထုတ်ကုန်အရည်အသွေးမြှင့်မားရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး စက်ရုံအတွင်း လိုက်လံကြည့်ရှုသည်။

**ဆွေးနွေးမှာကြား**

ထို့နောက် မြန်မာရွှေသစ်သီးဝလံ ကုမ္ပဏီလီမိတက်သို့ရောက်ရှိရာ တာဝန်ခံက စိုက်ပျိုးရေးထွက်ကုန် သစ်သီးဝလံများအား အဆင့်မြင့်စားသောက်ကုန်များအဖြစ် သစ်သီးခြောက်၊ ယိုမျိုးစုံ၊ စည်သွတ်ဘူးနှင့် ဝါးမှထွက်သည့် ကုန်ချောထုတ်လုပ်မှုများ၊ ပြည်တွင်းဈေးကွက် ဖြန့်ဖြူးမှုနှင့် ပြည်ပသို့တင်ပို့နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက စားသုံးသူ ဘေးကင်းလုံခြုံရေးနှင့် ပြည်ပတင်ပို့ရာတွင် လိုက်နာရမည့် စံချိန်စံညွှန်းများကို လုပ်ငန်းရှင်များဘက်က တိကျစွာလိုက်နာဆောင်ရွက်ကြရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

## လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်အမှတ်၊ ၅၅ / ၂၀၂၄
၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်
(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

**လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရန်အတွက် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဗိုလ်ချုပ်ကြီး တင်အောင်စန်း — ဥက္ကဋ္ဌ
ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး
နိုင်ငံတော်ဝန်ကြီးချုပ်ရုံး

(ခ) ဦးညဏ်ထွန်း — ဒုတိယဥက္ကဋ္ဌ(၁)
ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(ဂ) ဦးကိုကိုလွင် — ဒုတိယဥက္ကဋ္ဌ(၂)
ပြည်ထောင်စုဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန

(ဃ) ဒေါက်တာကံဇော် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(င) ဦးမင်းနောင် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(စ) ဦးလှမိုး — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဆ) ဦးခင်မောင်ရီ — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဇ) ဒေါက်တာ ချာလီသန်း — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန

(ဈ) ဦးထွန်းအုံ — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ည) ဒေါက်တာ မျိုးသိန်းကျော် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

(ဋ) ဗိုလ်ချုပ် ကိုလေး — အဖွဲ့ဝင်
ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန

(ဌ) ဗိုလ်ချုပ် တိုးရီ — အဖွဲ့ဝင်
ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန

(ဍ) ဦးမင်းထွဋ် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ဎ) ဗိုလ်ချုပ် ဇော်နိုင်ဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး
ကာကွယ်ရေးဝန်ကြီးဌာန

(ဏ) ဦးလှဝင်းဌေး — အဖွဲ့ဝင်
အတွင်းရေးမှူး၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ

(တ) ဦးအေးကျော် — အတွင်းရေးမှူး
ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(ထ) ဦးသန့်စင် — တွဲဖက်အတွင်းရေးမှူး
ဒုတိယဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန

၂။ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သီးခြားထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

---

## စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်အမှတ်၊ ၅၆ / ၂၀၂၄
၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်
(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

**စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဗိုလ်ချုပ်ကြီးညိုစော — ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်

(ခ) ဦးမင်းနောင် — ဒုတိယဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ဂ) ဒေါက်တာကံဇော် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ဃ) ဦးလှမိုး — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(င) ဦးခင်မောင်ရီ — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(စ) ဒေါက်တာ ချာလီသန်း — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန

(ဆ) ဦးထွန်းအုံ — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဇ) ဗိုလ်ချုပ် တိုးရီ — အဖွဲ့ဝင်
ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန

(ဈ) ဦးမင်းထွဋ် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ည) ဦးအေးကျော် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(ဋ) ဦးသန့်စင် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန

(ဌ) ဦးဝင်းဖေ — အဖွဲ့ဝင်
ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဍ) ဗိုလ်မှူးချုပ် တင်စိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး
ကာကွယ်ရေးဝန်ကြီးဌာန

(ဎ) ဦးအေးဝင်း — အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ဏ) ဒေါက်တာအောင်ကြီး — အတွင်းရေးမှူး
ဒုတိယဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(တ) ဒေါက်တာတင်ထွဋ် — တွဲဖက်အတွင်းရေးမှူး
ဒုတိယဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

၂။ စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သီးခြားထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ပွဲစဉ်များ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများကို ယနေ့တွင် နေပြည်တော်ရှိ သက်ဆိုင်ရာအားကစားကွင်းနှင့် အားကစားရုံများ၌ ကျင်းပကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ရိုးရာခြင်းလုံးပြိုင်ပွဲ ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း (C) ရုံ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ခွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက် ကြည့်ရှုအားပေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ရိုးရာခြင်းလုံးပြိုင်ပွဲ အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များအား ဆုချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ရိုးရာခြင်းလုံးပြိုင်ပွဲ အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များအား ဆုချီးမြှင့်စဉ်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းက အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူက အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ဘိလိယက်နှင့်စနူကာ Snooker 15 Red Double ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်များအား ဆုချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ဘိလိယက်နှင့်စနူကာ Snooker 15 Red Single ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကရင်ပြည်နယ်မှ ပြိုင်ပွဲဝင်အား ဆုချီးမြှင့်စဉ်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ဘိလိယက်နှင့်စနူကာပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဘိလိယက်ရုံ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်က ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိကြသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က ဘိလိယက်နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ် အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း တစ်ဦးချင်းဂုဏ်ပြု ဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရန်ကျော်က Snooker 15 Red Single ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကရင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ပူးတွဲတတိယဆု ရရှိကြသည့် မကွေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက Snooker 15 Red Double ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိကြသည့် မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ် အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့် ကရာတေးပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ ကရာတေးရုံ၌ ကျင်းပရာ မြန်မာနိုင်ငံကရာတေး အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသန့်ဇင်က အမျိုးသမီး (၆၁ ကီလို) တစ်ဦးချင်း ကုမိတဲ့ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိကြသည့် ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က အမျိုးသား (-၅၅ ကီလို)တစ်ဦးချင်း ကုမိတဲ့ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ အမျိုးသား (-၇၅ ကီလို) တစ်ဦးချင်း ကုမိတဲ့ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိကြသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော်အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးသက်ထွန်းက အမျိုးသမီး (-၆၁ ကီလို) တစ်ဦးချင်း ကုမိတဲ့ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိကြသည့် ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ အမျိုးသား (၇၅ ကီလို) တစ်ဦးချင်း ကုမိတဲ့ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပူးတွဲတတိယဆုရရှိကြသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က အမျိုးသမီး (-၅၅ ကီလို) တစ်ဦးချင်း ကုမိတဲ့ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရခိုင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ကယားပြည်နယ်၊ ပူးတွဲတတိယဆုရရှိကြသည့် ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များအား လည်းကောင်း၊ အမျိုးသား(-၆၇ ကီလို) တစ်ဦးချင်း ကုမိတဲ့ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ကယားပြည်နယ်၊ ပူးတွဲတတိယဆုရရှိကြသည့် ပြည်ထောင်စုနယ်မြေနေပြည်တော်နှင့် ရခိုင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ကယားပြည်နယ် လူမှုရေးရာဝန်ကြီး ဦးအောင်မျိုးသိမ်းက အမျိုးသမီး (-၅၀ ကီလို) တစ်ဦးချင်း ကုမိတဲ့ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိကြသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး အသင်းတို့မှ

စာမျက်နှာ ၁၁ သို့ ✢

✢ စာမျက်နှာ ၁၀ မှ

ပြိုင်ပွဲဝင်များအား လည်းကောင်း၊ အမျိုးသား (-၆၀ ကီလို) တစ်ဦးချင်း ကုမိတေ့ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရခိုင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပူးတွဲ တတိယဆုရရှိကြသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက အမျိုးသမီးတစ်ဦးချင်း ခတပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကယားပြည်နယ်၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ပူးတွဲ တတိယဆုရရှိကြသည့် ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ် အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ အမျိုးသားတစ်ဦးချင်း ခတပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ကယားပြည်နယ်၊ ပူးတွဲ တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က အမျိုးသမီးအသင်းလိုက် ခတပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပူးတွဲ တတိယဆုရရှိသည့် ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ အမျိုးသားအသင်းလိုက် ခတပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်၊ ပူးတွဲ တတိယဆုရရှိကြသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ရွှေကြာပင် အားကစားကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ပြိုင်ပွဲကျင်းပရေး ခုံသမာဓိအဖွဲ့ဝင် ဦးဘန်နီတင်အောင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးမြင့်စိုး၊ ဦးဇေယျာလင်း၊ ဗိုလ်မှူးကြီးရဲမိုး၊ နေပြည်တော်ကောင်စီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်တို့က နေရာအလိုက် အကောင်းဆုံးဆုရရှိကြသူများအား တစ်ဦးချင်းအကောင်းဆုံး ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးစိုးကြည်က တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းမှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ မန္တလေးတိုင်း ဒေသကြီး မြို့တော်ဝန် ဦးကျော်ဆန်းက ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ပြိုင်ပွဲဝင်များအားလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော်အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့် ဝူရှူးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ရွှေကြာပင် အားကစားကွင်း၌ ကျင်းပရာ ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်က အမျိုးသမီး ထိုက်ချီချွမ် + ထိုက်ချီကျန့် ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မကွေး တိုင်းဒေသကြီး၊ ဒုတိယဆု ရရှိသည့် မန္တလေးတိုင်းဒေသကြီး နှင့် တတိယဆုရရှိသည့် ရန်ကုန် တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်က အမျိုးသား ထိုက်ချီချွမ် + ထိုက်ချီကျန့်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူး တိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာ ဝါဝါမောင်က အမျိုးသမီး သောင်းစု + ကွန့်စုပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ် နှင့် တတိယဆုရရှိသည့် မန္တလေး တိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်က အမျိုးသား သောင်းစု + ကွန့်စုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်း ဒေသကြီးနှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ် အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ အမျိုးသား ကျန့်စု + ချန်းစုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး နှင့် တတိယဆုရရှိသည့် မန္တလေး တိုင်း ဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေက အမျိုးသမီး ၄၅ ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိကြသည့် ရှမ်းပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ အမျိုးသမီး ၅၆ ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် ပူးတွဲ တတိယဆုရရှိကြသည့် ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အားကစားနည်းများအလိုက် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများကို ဒီဇင်ဘာ ၁၉ ရက်တွင် သက်ဆိုင်ရာ အားကစားရုံများနှင့် အားကစားကွင်းများ၌ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ပြိုင်ပွဲဝင်များအား ဆုချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဘိလိယက် နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များအား ဆုချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ဝူရှူးပြိုင်ပွဲ အမျိုးသမီး ၄၅ ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦးအား ဆုချီးမြှင့်စဉ်။




ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ကရာတေးပြိုင်ပွဲ အမျိုးသမီးအသင်းလိုက် ခတပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များအား ဆုချီးမြှင့်စဉ်။



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲများတွင် လာရောက်ကြည့်ရှုအားပေးကြသူများကို တွေ့ရစဉ်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း/ ရုံများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော ပြိုင်ပွဲ တတိယလုပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း (B )ရုံ၌ ကျင်းပရာ အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန အသင်းက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အသင်းကို သုံးပွဲပြတ်၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာနအသင်းကို သုံးပွဲ တစ်ပွဲဖြင့် အနိုင်ရရှိ ကြသည်။

ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ် ပွဲစဉ်များကို ပေါင်းလောင်းအားကစားကွင်း နှင့် ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့် ရေးကွင်း(၃)၌ ယှဉ်ပြိုင်ကစားကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အသင်းကို သုံးဂိုး-ဂိုးမရှိ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက သမ ဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး ဌာနအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင် ရရှိကြသည်။

ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ် ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ဖူဆယ်ရုံ၌ ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာနအသင်းက စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းကို ရှစ် ဂိုး-ခုနစ်ဂိုး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာန အသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန အသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရ ရှိခဲ့ကြသည်။

ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(A)ရုံ၌ ကျင်းပ ရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက သမ ဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး ဌာနအသင်းကို နှစ်ပွဲ တစ်ပွဲ၊ သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းက မြန်မာနိုင်ငံတော် ဗဟိုဘဏ်အသင်းကို နှစ်ပွဲပြတ်၊ စွမ်းအင် ဝန်ကြီးဌာနအသင်းက အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အသင်းကို နှစ် ပွဲပြတ်၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း က ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာနအသင်းကို နှစ်ပွဲ တစ်ပွဲ၊ ဆောက်လုပ် ရေးဝန်ကြီးဌာနအသင်းက ကာကွယ်ရေး ဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းက သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ အလုပ် သမားဝန်ကြီးဌာနအသင်းက ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ တတိယလုပွဲနှင့် ဗိုလ်လုပွဲစဉ်ကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း လေ့ကျင့်ရေးကွင်း(၃)နှင့် ရွှေကြာပင် အားကစားကွင်းတို့၌ လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသ ကြီး ရိုးရာခြင်းလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(C ) ရုံ၌ လည်း ကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်/စနူကာပြိုင်ပွဲ ဘိလိယက် တစ်ဦးချင်း ဗိုလ်လုပွဲစဉ်၊ ဘိလိယက် နှစ်ယောက်တွဲ ဗိုလ်လုပွဲစဉ်၊ စနူကာ 15– Red တစ်ဦးချင်းဗိုလ်လုပွဲစဉ်၊ စနူကာ 15– Red နှစ်ယောက်တွဲ ဗိုလ်လုပွဲစဉ်တို့ ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဘိလိယက်ရုံ ၌ လည်းကောင်း၊ ပြည်နယ်နှင့်တိုင်းဒေသ ကြီး ကရာတေးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များ ဖြစ်သည့် အမျိုးသမီး ၆၂ ကီလိုတန်း အောက် တစ်ဦးချင်း “ကုမိတဲ့” ပြိုင်ပွဲ၊ အမျိုးသား ၅၅ ကီလိုအောက် တစ်ဦးချင်း “ကုမိတဲ့” ပြိုင်ပွဲ၊ အမျိုးသား ၇၅ ကီလို အောက် တစ်ဦးချင်း “ကုမိတဲ့” ပြိုင်ပွဲ၊ အမျိုးသမီး ၆၁ ကီလိုအောက် တစ်ဦးချင်း “ကုမိတဲ့” ပြိုင်ပွဲ၊ အမျိုးသား ၇၅ ကီလိုအထက် တစ်ဦးချင်း “ကုမိတဲ့” ပြိုင်ပွဲ၊ အမျိုးသမီး ၅၅ ကီလိုအောက် တစ်ဦးချင်း “ကုမိတဲ့” ပြိုင်ပွဲ၊ အမျိုးသား ၆၇ ကီလို အောက် တစ်ဦးချင်း “ကုမိတဲ့” ပြိုင်ပွဲ၊ အမျိုးသမီး ၅၀ ကီလိုအောက် တစ်ဦးချင်း “ကုမိတဲ့” ပြိုင်ပွဲ၊ အမျိုးသား ၆၀ ကီလို အောက် “ကုမိတဲ့” ပြိုင်ပွဲ၊ အမျိုးသမီး တစ်ဦးချင်း “ခတ” ပြိုင်ပွဲ၊ အမျိုးသား တစ်ဦးချင်း “ခတ” ပြိုင်ပွဲ၊ အမျိုးသား တစ်ဦးချင်း အသင်းလိုက် “ခတ” ပြိုင်ပွဲ၊ အမျိုးသမီးအသင်းလိုက် “ခတ” ပြိုင်ပွဲ များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း TC–1 ၌ လည်းကောင်း ယှဉ်ပြိုင်ကစားကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူ များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဂူရှူးပြိုင်ပွဲ ကို ရွှေကြာပင်အားကစားရုံ၌ ကျင်းပရာ အမျိုးသား ဆန်းဆို ၄၈ ကီလို၊ ၅၂ ကီလို၊ ၅၆ ကီလို၊ ၆၀ ကီလို၊ ၆၅ ကီလို၊ ၇၀ ကီလို တန်းပြိုင်ပွဲများနှင့် အမျိုးသမီး ဆန်းဆို ၄၈ ကီလို၊ ၅၂ ကီလို၊ ၆၀ ကီလို ပြိုင်ပွဲ များကို ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အားကစားသမားများ ဝင်ရောက် ယှဉ်ပြိုင်ကစားကြသည်။

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲ များသို့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ် များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ များ၊ အားကစားနည်းအလိုက် အဖွဲ့ချုပ် များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် အားကစားဝါသနာရှင် ပြည်သူများ စိတ်ပါ ဝင်စားစွာ လာရောက်ကြည့်ရှု အားပေး ကြသည်။

**သတင်းစဉ်**



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး ရိုးရာ ခြင်းလုံးပြိုင်ပွဲတွင် ရန်ကုန်တိုင်း ဒေသကြီးအသင်းမှ အားကစားသမား များ ယှဉ်ပြိုင်ကစားကြစဉ်။



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများကို လာရောက်ကြည့်ရှုအားပေးကြသူများကို တွေ့ရစဉ်။



## တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ရဲတပ်ဖွဲ့ဝင်များနှင့် ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များအား လက်ဆောင်ပစ္စည်းများချီးမြှင့်ပေးအပ်

ကော့သောင်း ဒီဇင်ဘာ ၁၈

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့က ကော့သောင်းမြို့နယ် ရဲတပ်ဖွဲ့ဝင်များနှင့် ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များအား လက်ဆောင်ပစ္စည်းများ ချီးမြှင့်ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကော့သောင်းမြို့ မဥ္ဇူသကခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မြင့်ထွန်းနှင့် တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့ဝင်များနှင့် ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရဲတပ်ဖွဲ့ဝင်များ၏ လုံခြုံရေးဆောင်ရွက်မှု အခန်းကဏ္ဍသည် အရေးကြီးကြောင်း၊ ကော့သောင်းမြို့ နယ်မြေဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းနေရခြင်းမှာ ကော့သောင်းမြို့တွင် တာဝန်ထမ်းဆောင်နေကြသည့် နယ်မြေခံတပ်များနှင့် ရဲတပ်ဖွဲ့ဝင်များ၏ ကြိုးစားဆောင်ရွက်ပေးမှုများကြောင့် ဖြစ်ကြောင်း၊ ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များအနေဖြင့်လည်း ယခင်ကတည်းက တည်ငြိမ်အေးချမ်းရေးကို အကောင်းဆုံး လုပ်ဆောင်ခဲ့ကြသူများဖြစ်သည့်အတွက် ရဲလုပ်ငန်းကို တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း အမှာစကားပြောကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်က ရဲတပ်ဖွဲ့ဝင်များနှင့် ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် လက်ဆောင်ပစ္စည်းများ ချီးမြှင့်ပေးအပ်ရာ ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များကိုယ်စား ရဲမှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယရဲအုပ်(ငြိမ်း) ဦးသာအောင်၊ ရဲတပ်ဖွဲ့ဝင်များကိုယ်စား ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးကြီး မြတ်မင်းထွေးတို့က လက်ခံရယူကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အားကစားပြိုင်ပွဲ

ရွှေ၊ ငွေ၊ ကြေး ဆုရရှိမှု (၆-၁၂-၂၀၂၄ မှ ၁၈-၁၂-၂၀၂၄)ရက်နေ့ထိ

| စဉ် | ပြည်နယ်/တိုင်း | ရွှေ | ငွေ | ကြေး | ပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ရန်ကုန် | ၆၇ | ၄၁ | ၃၅ | ၁၄၃ | |
| ၂ | ရှမ်း | ၂၇ | ၂၉ | ၄၀ | ၉၆ | |
| ၃ | မန္တလေး | ၂၃ | ၂၆ | ၃၅ | ၈၄ | |
| ၄ | စစ်ကိုင်း | ၂၁ | ၁၇ | ၂၂ | ၆၀ | |
| ၅ | ကချင် | ၁၆ | ၁၁ | ၂၀ | ၄၇ | |
| ၆ | တနင်္သာရီ | ၁၅ | ၆ | ၁၁ | ၃၂ | |
| ၇ | ဧရာဝတီ | ၁၄ | ၂၄ | ၂၈ | ၆၆ | |
| ၈ | မကွေး | ၁၃ | ၁၃ | ၁၉ | ၄၅ | |
| ၉ | ကရင် | ၇ | ၉ | ၂၈ | ၄၄ | |
| ၁၀ | ပဲခူး | ၆ | ၂၀ | ၂၆ | ၅၂ | |
| ၁၁ | ရခိုင် | ၅ | ၁၁ | ၁၄ | ၃၀ | |
| ၁၂ | မွန် | ၅ | ၉ | ၉ | ၂၃ | |
| ၁၃ | နေပြည်တော် | ၅ | ၅ | ၁၁ | ၂၁ | |
| ၁၄ | ချင်း | ၂ | | ၇ | ၉ | |
| ၁၅ | ကယား | ၁ | ၆ | ၅ | ၁၂ | |
| | စုစုပေါင်း | ၂၂၇ | ၂၂၇ | ၃၁၀ | ၇၆၄ | |

## မွန်ပြည်နယ်ဝန်ကြီးချုပ် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲတက်ရောက်



မော်လမြိုင် ဒီဇင်ဘာ ၁၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မွန်ပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေ တိုးရေးစီမံကိန်း လုပ်ငန်းသုံး ပစ္စည်းများပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ပြည်နယ်ရုံးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

### ကြိုးစားအားထုတ်

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အတွင်း ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရာတွင် ကျေးရွာရှစ်ရွာ၌ အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်း (၈) ကြိမ်ဖွင့်လှစ်ခဲ့ပြီး လုပ်ငန်းတည်ထောင်လိုသူ ၄၀ ကို ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ကာ လုပ်ငန်းများ ထူထောင်ပေးနိုင်ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင်လည်း ကျေးရွာ ၁၁ ရွာတွင် အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်း (၁၁)ကြိမ် ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ အသေးစား ကုန်ထုတ်လုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်း ထူထောင်မည့် အသေးစား ကုန်ထုတ်လုပ်ငန်းရှင်များအနေဖြင့်လည်း ရရှိထားသည့်နည်းပညာ၊ လုပ်ငန်းသုံးပစ္စည်းများကို ကောင်းစွာအသုံးချပြီး အောင်မြင်သည့် စီးပွားရေးလုပ်ငန်းရှင်ကြီးများ ဖြစ်လာစေရန် ကြိုးစားအားထုတ်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံး ပစ္စည်းများကို ထူးချွန်သည့် သင်တန်းသားသင်တန်းသူများထံ ပေးအပ်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခန်းမအတွင်း ခင်းကျင်းပြသထားသော ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံး ပစ္စည်းများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

■

## ဗီဇာကြေးပေးသွင်းရာတွင် ထိုင်းသံရုံးရှိ ဗီဇာကောင်တာ၌ ငွေသားပေးသွင်းခြင်းကိုသာလက်ခံ၍ အွန်လိုင်းဖြင့် ငွေလွှဲခိုင်းခြင်းမရှိဟုဆို

ရန်ကုန် ဒီဇင်ဘာ ၁၈

ဗီဇာကြေးပေးသွင်းရာတွင် ထိုင်းသံရုံးရှိ ဗီဇာကောင်တာ၌သာလျှင် ငွေသားပေးသွင်းသည်ကိုသာ လက်ခံပြီး အွန်လိုင်းငွေလွှဲခြင်းများဖြစ်သော KBZpay(သို့မဟုတ်) ထိုင်းဘဏ်အကောင့်များဖြင့် ငွေလွှဲခိုင်းခြင်း မရှိကြောင်း ဒီဇင်ဘာ ၁၈ ရက်တွင် မြန်မာနိုင်ငံအခြေစိုက် ထိုင်းသံရုံးက အသိပေးထုတ်ပြန်ထားသည်။

ထို့ကြောင့် သံရုံးပြင်ပပေးသွင်းမှုများအား သံရုံးနှင့်မသက်ဆိုင်သည့်အတွက် တာဝန်ယူဖြေရှင်းမည် မဟုတ်ကြောင်းလည်း အသိပေးထားသည်။ ထိုင်းသံရုံးဗီဇာဌာနသည် ဖုန်းလိုင်းမမိခြင်း အခက်အခဲပြဿနာကြောင့် ဗီဇာဝန်ဆောင်မှုများအတွက် ဖုန်းနံပါတ် ၀၉-၇၆၇၄၇၀၇၆၅ အား အသုံးပြုခြင်းမရှိသည်မှာ သုံးလခန့် ကြာမြင့်နေပြီး အဆိုပါ ဖုန်းနံပါတ်ဖြင့် ဗီဇာနှင့်ပတ်သက်သောအချက်အလက်များနှင့် သံရုံးနှင့်ပတ်သက်သော အချက်အလက်များကို သံရုံးဝန်ထမ်းအဖြစ် ဟန်ဆောင်ပြီး မသမာသူများက အသုံးပြုကာ လိမ်လည်ဖြေဆိုနေကြောင်း အသိပေးထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ယင်းအပြင် Viber နံပါတ်ဖြစ်သော ၀၉-၇၅၉၉၂၈၆၁၁ ဖြင့်လည်း သံရုံးဝန်ထမ်းအဖြစ် ဟန်ဆောင်ကာ ဗီဇာနှင့်ပတ်သက်သောအချက်အလက်များကို လက်ခံဖြေကြားပေးနေသည်ကို တွေ့ရပြီး အဆိုပါနံပါတ်နှင့်ဖြေဆိုသူမှာလည်း သံရုံးနှင့် လုံးဝပတ်သက်ဆက်နွှယ်ခြင်းမရှိကြောင်း၊ ထို့ကြောင့် အဆိုပါဖုန်းနံပါတ်များဖြင့် သံရုံးဝန်ထမ်းဟန်ဆောင်ပြီး ဗီဇာကြေးများအား အကောင့်ထဲသို့လွှဲထားသူမည်သူမဆို ထိုဖြစ်ရပ်အတွက် ရဲကိုအကြောင်းကြားရန် သံရုံးမှ အကြံပြုထားသည်။ MT

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# အားကစားဆိုတာက ပြိုင်ပွဲတွေရှိနေမှ ဖွံ့ဖြိုးတိုးတက်တာဆိုတော့ ပြိုင်ပွဲတွေကို ပုံမှန်ကျင်းပပေးစေလိုပါတယ်။ အဲဒါမှ ကစားသမားကောင်းတွေ ပေါ်ထွက်လာမှာဖြစ်ပါတယ်

ဦးနိုင်ကျော်ဟိန်း

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ သတ်မှတ်နေရာအသီးသီးတွင် ဆက်လက်ကျင်းပလျက်ရှိရာ သက်ဆိုင်ရာအားကစားနည်းအလိုက် တာဝန်ရှိသူများနှင့် ပါဝင်ယှဉ်ပြိုင်ကြသူများအား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်-

**တွေ့ဆုံမေးမြန်းနှင့် ဓာတ်ပုံ**
**အလင်းသစ်၊ လင်းရာမ**


ဦးနိုင်ကျော်ဟိန်း


မောင်မင်းနိုင်ငြိမ်း


ကိုပြည့်ဖြိုးမောင်


ဦးနေအောင်ဝင်း


မောင်လူမင်းမောင်


မောင်ထက်ကိုကိုဇော်


ဦးသန်းဝင်း

**ဦးနိုင်ကျော်ဟိန်း**
**ကရာတေးအားကစားနည်းပြ**
**ကချင်ပြည်နယ်ကိုယ်စားပြု**

ဒီပြိုင်ပွဲဝင်ဖို့ ကရာတေး အားကစားသမားတွေကို ကချင်ပြည်နယ်မှာ ခြောက်လလောက် လေ့ကျင့်ခဲ့တာဖြစ်ပါတယ်။ ကရာတေးပြိုင်ပွဲမှာ ကချင်ပြည်နယ်က ခတရော ကုမိတဲ့ပါ နှစ်မျိုးစလုံး ပါဝင်ယှဉ်ပြိုင်ခဲ့တာမှာ ရွှေတစ်ခု၊ ကြေးနှစ်ခုရရှိခဲ့ပါတယ်။ အခုရွှေရတာကတော့ ကုမိတဲ့ ၅၀ ကီလိုအောက်ပြိုင်ပွဲမှာ ရရှိခဲ့တာပါ။ ပြိုင်ပွဲဝင် ကစားသမားကတော့ အားလုံး၁၀ယောက်ပါလာပါတယ်။ အမျိုးသားငါးယောက်၊ အမျိုးသမီး ငါးယောက်ဖြစ်ပါတယ်။ အားကစားဆိုတာက ပြိုင်ပွဲတွေရှိနေမှ ဖွံ့ဖြိုးတိုးတက်တာဆိုတော့ ပြိုင်ပွဲတွေကို ပုံမှန်ကျင်းပပေးစေလိုပါတယ်။ အဲဒါမှ ကစားသမားကောင်းတွေ ပေါ်ထွက်လာမှာဖြစ်ပါတယ်။

**မောင်မင်းနိုင်ငြိမ်း**
**ကရာတေးအားကစားပြိုင်ပွဲဝင်**
**ရှမ်းပြည်နယ်ကိုယ်စားပြု**

ကျွန်တော်က ကရာတေးပြိုင်ပွဲရဲ့ အမျိုးသားတစ်ဦးချင်း ခတပြိုင်ပွဲမှာ ရွှေတံဆိပ်ဆုရခဲ့တာဖြစ်ပါတယ်။ အခုလို ဆုရအောင် တောင်ကြီးမှာ တစ်လကျော်ကျော် နှစ်လလောက် မနက်ည အပြင်းအထန် စခန်းသွင်းလေ့ကျင့်ပြီး ဒီပြိုင်ပွဲကြီးကို လာရောက်ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။ ကရာတေး အားကစားကို ရှစ်နှစ်ကိုးနှစ်အရွယ်ကတည်းက နွေရာသီသင်တန်းတွေတက်ပြီး လေ့လာသင်ယူခဲ့တာဖြစ်ပါတယ်။ အဲဒီအချိန်ကတည်းက လေ့လာဖြစ်ခဲ့တာပါ။ ကျွန်တော် ၂၀၁၈ ခုနှစ် မှာ Thailand Open ကရာတေး ချန်ပီယံရှစ်ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပါတယ်။ အဲဒီပြိုင်ပွဲမှာမြန်မာနိုင်ငံကိုယ်စားပြုအသင်းလိုက် ခတကစားသမားအနေနဲ့ ကြေးတံဆိပ်ဆု ရရှိခဲ့ပါတယ်။ ကျွန်တော်တို့ကရာတေးက ပြိုင်ပွဲမကျင်းပတာ ကိုဗစ်ပြီးကတည်းက ဆိုတော့ တော်တော်အလှမ်းကွာနေပြီ။ အခုလိုပြန်လည်ကျင်းပပေးတာ အလွန်အားရကျေနပ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်ပြိုင်ပွဲတွေမှာလည်း ဝင်ရောက်ယှဉ်ပြိုင်ဖြစ်ပါတယ်။ ဆုတံဆိပ်တွေလည်း ရခဲ့ဖူးပါတယ်။

**ကိုထက်ဝေယံထွန်း**
**ဘိလိယက်နှင့်စနူကာ**
**အားကစားပြိုင်ပွဲဝင်**
**ရှမ်းပြည်နယ်ကိုယ်စားပြု**

ကျွန်တော်တို့က ၁၅ လုံး နှစ်ယောက်တွဲ ပြိုင်ပွဲမှာဝင်ပြိုင်ပြီး ရှမ်းပြည်နယ် ကိုယ်စားပြု ရွှေတံဆိပ်ဆု ရခဲ့တာဖြစ်ပါတယ်။ အခုလိုရွှေတံဆိပ်ဆုရတော့ အလွန်ဝမ်းသာပါတယ်။ ကျွန်တော် တစ်ယောက်တည်း ကောင်းလို့ မဟုတ်ပါဘူး။ ကျွန်တော်တို့ နှစ်ယောက် တိုင်တိုင်ပင်ပင်နဲ့ စည်းစည်းလုံးလုံး လုပ်ခဲ့လို့ အောင်မြင်မှုရခဲ့တာဖြစ်ပါတယ်။ ပြိုင်ဘက် ကစားသမားတွေက တော်တော်လေး ကောင်းတယ်။ အတွေ့အကြုံရှိတဲ့ ကစားသမားတွေနဲ့ထိုးရတော့ ပညာရပါတယ်။ ပြိုင်ပွဲမလာခင်က တောင်ကြီးမှာ ဘိလိယက်နှင့်စနူကာ အဖွဲ့ချုပ်က သေချာသင်ကြားပေးတယ်။ ဒီပြိုင်ပွဲအတွက် လေ့ကျင့်ရတာကတော့ သုံးလလောက်ဖြစ်ပါတယ်။ အခုပြိုင်ပွဲက ကျွန်တော့်ရဲ့ပထမဆုံးပွဲဖြစ်ပါတယ်။ ပထမဆုံးပွဲမှာရွှေရခဲ့တာပါ။ကစားသမားကောင်းတစ်ဦးဖြစ်လာဖို့ကတော့ အရေးကြီးဆုံးက လေ့ကျင့်မှုဖြစ်ပါတယ်။ လေ့ကျင့်မှုရှိရမယ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိရမယ်။ ပြိုင်ဘက်ကို လုံးဝအထင်သေးလို့မရဘူး။ ပြိုင်ပွဲမှာ အကျပ်အတည်းကနေ ကိုယ်ဘယ်လို ရုန်းထွက်ရမလဲဆိုတာ အရေးကြီးတယ်။ ဒီပုံစံအတိုင်း ဆက်လက် ကျင်းပပေးမယ်ဆိုရင် နောင်တစ်ချိန်မှာ မျိုးဆက်သစ် ကစားသမားတွေအတွက် အခွင့်အလမ်းတွေ အများကြီးရမှာဖြစ်ပါတယ်။

**ကိုပြည့်ဖြိုးမောင်**
**အမျိုးသားဖူဆယ်**
**အားကစားနည်းပြ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး**
**ဝန်ကြီးဌာနကိုယ်စားပြု**

အခုလို ပြိုင်ပွဲဝင်နိုင်ဖို့ ကစားသမားတွေကို နှစ်လခွဲသုံးလလောက် စခန်းသွင်းလေ့ကျင့်ပေးခဲ့တာဖြစ်ပါတယ်။ ပထမတော့ ဒီပြိုင်ပွဲအတွက် ကစားသမား ၁၈ ယောက်ရွေးခဲ့ပြီး နောက်တော့ ၁၄ ယောက်နဲ့ ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။ ပြိုင်ပွဲမဝင်ခင်ကတည်းက ကစားသမားတွေရဲ့ ကြံ့ခိုင်မှုတွေ၊ ကစားကွက်တွေ၊ စည်းလုံးမှုတွေ အများကြီးပေါင်းစပ်ပြီးလေ့ကျင့်ခဲ့တာဖြစ်ပါတယ်။ နောက်ဆုံး ဗိုလ်လုပွဲအဆင့်အထိ ရောက်အောင် စွမ်းဆောင်ပေးခဲ့တဲ့ကစားသမားတွေကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။ တစ်ဖက်အသင်းကလည်း ကောင်းကောင်းပြင်ဆင်လာတဲ့အသင်း ဖြစ်တာကြောင့် အနိုင်ရဖို့ တော်တော်လေးတော့ ကြိုးစား ရုန်းကန်ခဲ့ရပါတယ်။ ကျွန်တော်တို့အသင်းမှာ ရန်ကုန်နဲ့ မန္တလေးတို့က ကစားသမားတွေနဲ့ စုဖွဲ့ပြီး လာပြိုင်တာဖြစ်ပါတယ်။ ပြည်နယ်နဲ့တိုင်းဒေသကြီးပွဲတွေ၊ ဝန်ကြီးဌာနပွဲတွေ လုပ်ပေးတဲ့အတွက် ကစားသမားတွေလည်း ပြိုင်ပွဲဝင် အတွေ့အကြုံတွေ အများကြီးရပါတယ်။ ပွဲများများ ကစားရတဲ့အတွက် လူငယ်ကစားသမားတွေလည်း အများကြီး ပေါ်ထွက်လာမယ်လို့ ယုံကြည်ပါတယ်။

**ဦးနေအောင်ဝင်း**
**အမျိုးသားစားပွဲတင်တင်းနစ်**
**အားကစားနည်းပြ**
**ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု**

ဒီပြိုင်ပွဲဝင်ဖို့ ပြိုင်ပွဲဝင်မယ့် စားပွဲတင်တင်းနစ် ကစားသမားတွေကို လွန်ခဲ့တဲ့နှစ်လကျော်ကျော်ကတည်းက စခန်းသွင်းလေ့ကျင့်စေခဲ့တာ ဖြစ်ပါတယ်။ မနက် ၉ နာရီကနေ ည ၁၂ နာရီအထိ လေ့ကျင့်ခဲ့တာဖြစ်ပါတယ်။ အမျိုးသားအသင်းလိုက် နောက်ဆုံး ဗိုလ်လုပွဲမှာ အနိုင်ရပြီး ရွှေတံဆိပ်ဆုရခဲ့တာပါ။ အခုလို အမျိုးသားအသင်းလိုက် စားပွဲတင်တင်းနစ် အားကစားနည်းနဲ့ ရွှေတံဆိပ်ဆုရဖို့အတွက် ကလေးတွေကို တစ်ပတ်မှာ ငါးရက် နေ့ည လေ့ကျင့်ပြင်ဆင်ခဲ့ရတာ ဖြစ်ပါတယ်။ စားပွဲတင်တင်းနစ်ကတော့ စိတ်တည်ငြိမ်မှုနဲ့ အရည်အချင်းပိုင်းကို ဦးစားပေးတဲ့ကစားနည်းဖြစ်ပါတယ်။အခုအားကစားပွဲတော်မှာ စားပွဲတင်တင်းနစ် အားကစားကို ထည့်သွင်းကျင်းပပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။

**မောင်လူမင်းမောင်**
**ဝူရှူး(ထောက်လု)ပြိုင်ပွဲဝင်**
**မွန်ပြည်နယ်ကိုယ်စားပြု**

အခုကျင်းပနေတဲ့ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးမှာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ဖို့ သုံးလနီးပါး စခန်းသွင်းလေ့ကျင့်ခဲ့တာဖြစ်ပါတယ်၊ ဒီဝူရှူးအားကစားကို စတင်လေ့လာလေ့ကျင့်ခဲ့တာကတော့ ၂၀၁၈ ခုနှစ်ကတည်းကဖြစ်ပါတယ်။ လက်ရှိကျွန်တော့်အသက်က ၁၅ နှစ်ပဲရှိပါသေးတယ်။အမျိုးသား အလွတ်တန်း ဝူရှူး(ထောက်လု)ပြိုင်ပွဲဆိုတော့ ကိုယ့်ထက် အသက်အရွယ်ကြီးတဲ့ကစားသမားတွေနဲ့ ယှဉ်ပြိုင်ရတာဖြစ်တဲ့အတွက် ပြိုင်ဘက်ကစားသမားတွေထက်တော့ ပိုပြီးကြိုးစားယှဉ်ပြိုင်ရတာ ဖြစ်ပါတယ်။ ပြိုင်ဘက်ကစားသမားတွေဆိုပေမယ့် သူတို့ရဲ့ကစားနည်း ကစားဟန်တွေကိုလည်း သိရတယ်။ အတွေ့အကြုံတွေလည်း အများကြီးရပါတယ်။ အခုလို ပြိုင်ပွဲတွေကျင်းပပေးတဲ့ တာဝန်ရှိသူတွေကိုလည်းကျေးဇူးတင်ပါတယ်။ ပြိုင်ပွဲတွေရှိနေမယ်ဆိုရင်တော့ ကျွန်တော့်အနေနဲ့ ဆက်လက် ယှဉ်ပြိုင်သွားဦးမှာဖြစ်ပါတယ်။

**မောင်ထက်ကိုကိုဇော်**
**အမျိုးသားဘော်လီဘောပြိုင်ပွဲဝင်**
**ကာကွယ်ရေးဝန်ကြီးဌာန**
**ကိုယ်စားပြု**

ဒီပြိုင်ပွဲအတွက် အများကြီး လေ့ကျင့်ပြင်ဆင်ခဲ့တာ ဖြစ်ပါတယ်။ အရင်ကလည်း ကျွန်တော့်အနေနဲ့ ပြိုင်ပွဲတွေဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပါတယ်။ တပ်တွင်းပြိုင်ပွဲတွေကတော့ မကြာမကြာ ယှဉ်ပြိုင်ရတာပါ။ အခုလို နိုင်ငံတော်အဆင့်ကျင်းပတဲ့ အမျိုးသား အားကစားပွဲတော်ကြီးမှာ ပါဝင်ယှဉ်ပြိုင်ခွင့်ရတာ အင်မတန်ဂုဏ်ယူရပါတယ်။ တပ်တွင်းပြိုင်ပွဲတွေယှဉ်ပြိုင်ရတာနဲ့ ဝန်ကြီးဌာနပေါင်းစုံ ယှဉ်ပြိုင်ရတာ ကွာခြားချက်လေးတွေတော့ ရှိပါတယ်။ ဘာပဲဖြစ်ဖြစ် အခုအားကစားပွဲတော်မှာ ကျွန်တော်တို့ ကာကွယ်ရေးဝန်ကြီးဌာနအနေနဲ့ တတိယဆုရဖို့အတွက် ပြိုင်ဘက်အသင်းကို အကြိတ်အနယ် ကစားပြီး ကြေးတံဆိပ်ဆုနဲ့ပဲ ကျေနပ်ခဲ့ရပေမယ့် ဌာနအတွက် ဆုတစ်ခုရယူနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူမိပါတယ်။ ဒီပြိုင်ပွဲကနေ ကစားသမားကောင်းတွေ ထွက်ပေါ်လာမှာဖြစ်လို့ ပြိုင်ပွဲတွေများများ ကျင်းပပေးရင် ပိုကောင်းပါတယ်။

**ဦးသန်းဝင်း**
**မြန်မာ့ရိုးရာခြင်းလုံး**
**အားကစားအသင်းနည်းပြ**
**မန္တလေးတိုင်းဒေသကြီး**
**ကိုယ်စားပြု**

မန္တလေး တိုင်းဒေသကြီး ကိုယ်စားပြု အမျိုးသမီးရိုးရာခြင်းလုံးအသင်းအနေနဲ့ ပြီးခဲ့တဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ပွဲမှာ ရွှေတံဆိပ်ဆုရခဲ့ပါတယ်။ ၂၀၂၂ ခုနှစ်တုန်းကလည်း ရွှေတံဆိပ်ဆုရခဲ့ပါတယ်။ အခုဆို မန္တလေး အမျိုးသမီးအသင်းဟာ သုံးနှစ်ဆက် ရွှေတံဆိပ်ဆုရခဲ့တာပဲဖြစ်ပါတယ်။ အခုပြိုင်ပွဲဝင်ဖို့ ကစားသမားတွေကို မိုးလုံလေလုံအားကစားကွင်းမှာ နှစ်လကျော်ကျော် လေ့ကျင့်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နည်းပြတွေလည်း အနီးကပ်ကြီးကြပ်ပြီး လိုအပ်တာတွေကို သင်ကြားပေးခဲ့တာဖြစ်ပါတယ်။ အဲဒီလိုသင်ပေးခဲ့လို့လည်း အခုလို ရွှေတံဆိပ်ဆုရခဲ့တာပါ။ မန္တလေးအမျိုးသမီးအသင်းအနေနဲ့ အမှတ်ကလည်း ၉၀၊ ၁၀၀၊ ၁၂၀ လောက်ထိ ပြတ်အောင် ကစားနိုင်ခဲ့ပါတယ်။ ဒီပြိုင်ပွဲဝင်ဖို့ အမျိုးသမီးအသင်းက ဒိုင်၊ အုပ်ချုပ်သူ၊ နည်းပြ အပါအဝင် ၁၁ ဦး၊ အမျိုးသားကလည်း ၁၁ ဦးပါဝင်ပါတယ်။ နှစ်လလုံး ပြင်ဆင်မှုတွေရော၊ လေ့ကျင့်မှုတွေရော တစိုက်မတ်မတ်ပြုလုပ်ခဲ့လို့သာ အောင်မြင်မှုရခဲ့တာပါ။ ကျွန်တော့်အနေနဲ့ မန္တလေးမှာကတည်းက ပြိုင်ဘက်ကို အမှတ် ၇၀ အကျောပေးလို့ရတဲ့ အနေအထားမို့ ဘာမှစိတ်မပူဖို့လည်း အားပေးထားပါတယ်။ အခုလည်း အမှတ် ၁၀၀ လောက် ထိဖြတ်ပြီး အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ ။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်မှုမြင်ကွင်း



ပြည်နယ်နှင့် တိုင်းဒေသကြီး ကရာတေးပြိုင်ပွဲ အမျိုးသား ကုမိတဲ့ပြိုင်ပွဲတွင် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်/စနူကာပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသင်းနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနအသင်းနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။





ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို လာရောက်ကြည့်ရှုကြသူများအား တွေ့ရစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး ရိုးရာခြင်းလုံးပြိုင်ပွဲတွင် မန္တလေး တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်စဉ်။

ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲများ ကျင်းပစဉ်။



ဓာတ်ပုံ - လင်းရာမ၊ အလင်းသစ်

# သမဝါယမစနစ်စတင်ခြင်းနှင့် ဦးစီးဌာနပေါ်ပေါက်လာခြင်း နှစ် (၁၂၀) ပြည့် နှစ်ပတ်လည်အခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

သမဝါယမစနစ် စတင်ခြင်းနှင့် ဦးစီးဌာန ပေါ်ပေါက်လာခြင်း နှစ်(၁၂၀)ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ အငြိမ်းစား ဂုဏ်ပြုခံပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ၁၉၀၄ ခုနှစ် ဒီဇင်ဘာလမှ စတင်ပေါ်ပေါက်ခဲ့သည့် သမဝါယမဌာန၊ သမဝါယမညွှန်ကြားရေးဌာန၊ သမဝါယမဦးစီးဌာနဟူသော အမည်နာမများဖြင့် ခေတ်အဆက်ဆက် အစိုးရဝန်ကြီးဌာနများ၏အောက်တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း ခံခဲ့ရပြီး သမဝါယမလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း။

သမဝါယမဦးစီးဌာနအနေဖြင့် လယ်ယာ၊ သားငါးထုတ်ကုန်များကို ဈေးကွက်သို့ ချိတ်ဆက်ပေးနိုင်ရေးနှင့် ပြည်သူများ၏ စားဝတ်နေရေး ပိုမိုပြည့်စုံမြင့်မားလာစေရန် ဖော်ဆောင်နိုင်ရေးအတွက် ဌာနအနေဖြင့် အသင်းအဆင့်ဆင့်တို့နှင့်အတူ ဟန်ချက်ညီညီ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးက အဆက်ဆက်တာဝန်ထမ်းဆောင်ခဲ့ကြသော ဂုဏ်ပြုခံ အငြိမ်းစားဝန်ကြီး၊ ဒုတိယဝန်ကြီးများကိုယ်စား ဒုတိယဝန်ကြီး ဦးသန်းထွန်း(ငြိမ်း)အား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် နှစ် (၁၂၀) ပြည့် နှစ်ပတ်လည်အခမ်းအနား ဂုဏ်ပြုအစီအစဉ်ဗီဒီယိုကို ပြသပြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက လုပ်ငန်းဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက ဦးစီးဌာနမှ ဂုဏ်ထူးဆောင်ဆုရရှိသူများ၊ ဆုရရှိသော ဝန်ထမ်းများနှင့် အသင်းများ၊ ထူးချွန်ကျောင်းသူအားဆုများချီးမြှင့်ပေးအပ်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေ့ပြောင်းနိုင်သောပစ္စည်းကို အာမခံထား၍ ငွေချေးခြင်းဆိုင်ရာဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်းသည့် အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ရွှေ့ပြောင်းနိုင်သော ပစ္စည်းကို အာမခံထား၍ ငွေချေးခြင်းဆိုင်ရာဥပဒေ (Secured Transactions Law)အဋ္ဌမ(မူကြမ်း)နှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ကျင်းပသည်။



အစည်းအဝေးတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက မြန်မာနိုင်ငံတွင် ရွှေ့ပြောင်းနိုင်သောပစ္စည်းကို အာမခံထား၍ ငွေချေးနိုင်သည့် ဥပဒေအခြေခံတစ်ရပ် ရှိစေရန်အတွက် ရွှေ့ပြောင်းနိုင်သောပစ္စည်းကို အာမခံထား၍ ငွေချေးခြင်းဆိုင်ရာဥပဒေ (Secured Transactions Law)(မူကြမ်း) ကို ပြဋ္ဌာန်းနိုင်ရန် ၂၀၁၈ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ပါကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ စက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် မြန်မာနိုင်ငံဘဏ်များအသင်းတို့မှ အဖွဲ့ဝင်များပါဝင်သော လုပ်ငန်းအဖွဲ့နှင့် ဥပဒေအဖွဲ့တို့ကို ဖွဲ့စည်း၍ အခြားနိုင်ငံများက ကျင့်သုံးဆောင်ရွက်နေသည့် အခြေအနေများအပေါ် လေ့လာ၍ ညှိနှိုင်းရေးဆွဲခဲ့ရာ ယခုအချိန်တွင် အဋ္ဌမ(မူကြမ်း)အဆင့်သို့ ရောက်ရှိခဲ့ပါကြောင်း။

မြန်မာနိုင်ငံတွင် ရွှေ့ပြောင်းနိုင်သောပစ္စည်းကို အပေါင်ထား၍ ချေးငွေထုတ်ချေးနိုင်မည့် ဈေးကွက်တစ်ရပ်ပေါ်ပေါက်လာပြီး စီးပွားရေးလုပ်ငန်းများ၊ အထူးသဖြင့် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ချေးငွေရရှိနိုင်မှု တိုးတက်ရေးကို အထောက်အကူပြုရန်၊ အပေါင်ပစ္စည်းများကို မှတ်ပုံတင်ထားခြင်းဖြင့် အာမခံအကျိုးခံစားခွင့်ကို ဥပဒေအရ ခိုင်မာမှုရှိစေရန်၊ အာမခံအကျိုးခံစားခွင့်နှင့် စပ်လျဉ်းသည့် အငြင်းပွားမှုများကို ဤဥပဒေအရ ဖြေရှင်းနိုင်ရန် ရည်ရွယ်ကြောင်း၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းကို အာမခံထား၍ ငွေချေးခြင်းဆိုင်ရာဥပဒေ (Secured Transactions Law)ကို ပြဋ္ဌာန်းပြီးပါက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းများသည် ချေးငွေရရှိနိုင်မှု ပိုမိုလွယ်ကူမြန်ဆန်၍ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# Star Ferry ရေလမ်းခရီးဝန်ဆောင်မှုကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ရပ်နားမည်ဖြစ်ပြီး Shuttle Bus ဝန်ဆောင်မှုအသစ်ကို မိတ်ဆက်ပေးမည်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

Star Ferry ရေလမ်းခရီးဝန်ဆောင်မှုကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ရပ်နားသွားမည်ဖြစ်ကြောင်း Star City Thanlyin က ၎င်းတို့၏ လူမှုကွန်ရက်စာမျက်နှာတွင် အသိပေးထုတ်ပြန်ထားသည်။

အမှတ် (၁) သန်လျင်တံတား အဟောင်းတစ်စင်းသာ အသုံးပြုခဲ့ရစဉ်ကာလအတွင်း အိမ်ရာဝင်းနေထိုင်သူများအတွက် လမ်းပန်းဆက်သွယ်ရေးအဆင်ပြေချောမွေ့စေရန် Star Ferry ဝန်ဆောင်မှုကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့၍ ၂၀၁၁ ခုနှစ် နိုဝင်ဘာလမှစတင်ပြေးဆွဲခဲ့ကြောင်း၊ Star Ferry ဖြင့် Star City အိမ်ရာမှ ရန်ကုန်မြို့ထဲသို့ မိနစ် ၃၀ အတွင်း သွားရောက်နိုင်ပြီး Star Ferry အသုံးပြုသူများအတွက် ယာဉ်လမ်းကြောင်းပိတ်ဆို့ခြင်းမှ ကင်းဝေးကာ Star Ferry ဝန်ဆောင်မှုဖြင့် Star City အိမ်ရာတွင်နေထိုင်ကြသော ရုံးသွား၊ ရုံးပြန် အသုံးပြုသူများနှင့် စီးနင်းလိုက်ပါသူများအားလုံးအတွက် အဆင်ပြေချောမွေ့စေခဲ့ကြောင်း Star City Thanlyin ၏ ထုတ်ပြန်ချက်၌ ပါရှိသည်။

ယခုနှစ် ဇွန်လမှစတင်ပြီး လေးလမ်းသွား အမှတ် (၃) သန်လျင်တံတားအသစ်ကို စတင်ဖွင့်လှစ်ခဲ့သောကြောင့် သွားလာရေး လွယ်ကူအဆင်ပြေချောမွေ့နေပြီဖြစ်ပြီး Star Ferry ရေကြောင်းဝန်ဆောင်မှုထက်လည်း ပိုမိုမြန်ဆန်ကာ သွားလာနိုင်ပြီဖြစ်ကြောင်း၊ ထို့ကြောင့် Star Ferry ဝန်ဆောင်မှုကို ရပ်နားသွားမည်ဖြစ်ပြီး ခရီးသည်များအတွက် ပိုမိုအဆင်ပြေစေရန်ရည်ရွယ်၍ Shuttle Bus ဝန်ဆောင်မှုအသစ်ကိုစတင်မိတ်ဆက်မည်ဖြစ်ကြောင်းနှင့် Shuttle Bus ခရီးစဉ်အချိန်အသေးစိတ်များကိုလည်း မကြာခင် ဖော်ပြပေးသွားမည်ဖြစ်ကြောင်း အသိပေးထားသည်။



Star Ferry ရေလမ်းခရီးဝန်ဆောင်မှုအား ရန်ကုန်ပန်းဆိုးတန်းနှင့် Star City သို့ ပြေးဆွဲပေးစဉ်။

"Shuttle Bus ကို အစီးရေများများနဲ့ ၁၅ မိနစ်တစ်ခါလောက် ထွက်ပေးရင်ပိုအဆင်ပြေပါမယ်။ နေထိုင်တဲ့ လူဦးရေများလာတာရယ်၊ အရင်လို မြို့ထဲထိရောက်မယ်ဆို စီးမယ့်လူအရေအတွက် များလာမှာပါ"ဟု အဆိုပါထုတ်ပြန်ချက်အောက်တွင် လူမှုကွန်ရက်သုံးစွဲသူတစ်ဦးက မှတ်ချက်ပြုရေးသားထားသည်။

**MT**

# ထန်းတပင်မြို့၌ ရာသီဥတုအညွှန်းကိန်းအခြေပြု သီးနှံအာမခံလုပ်ငန်း ရေကြီးနစ်မြုပ်ပျက်စီးခြင်းအတွက် လျော်ကြေးငွေပေးအပ်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ရာသီဥတု အညွှန်းကိန်းသီးနှံအာမခံလုပ်ငန်း ရေကြီးနစ်မြုပ်ပျက်စီးခြင်းအတွက် လျော်ကြေးပေးအပ်ပွဲ အခမ်းအနားကို ထန်းတပင်မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းက ကျင်းပသည်။

**၁၁၅၉ ဧကအတွက် လျော်ကြေးငွေပေးအပ်**

ယနေ့ကျင်းပသည့်အခမ်းအနားတွင်သတ်မှတ်ထားသောမိုးရေချိန် စံညွှန်းကိန်းထက် မကျော်လွန်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ရေကြီးနစ်မြုပ်ပျက်စီးခဲ့သော ထန်းတပင်မြို့နယ် မဲပလီ၊ ရွှေကြာဖျိုက်၊ လမုတန်းကြီး၊ ဘောလည်၊ အတွင်းရေကျော်၊ ကွဲကူး၊ ကလိုင်ဖီ၊ ပန်တိုင်၊ ဆက်ကလေး၊ ရေပေါ်သောင်၊ ကလိန်၊ ချောင်းညီအကိုနှင့် ညွှန့်ပေါင်းကျေးရွာတို့မှ တောင်သူများအား အာမခံထားရှိခဲ့သော မိုးစပါးစိုက်ဧကစုစုပေါင်း ၁၁၅၉ ဧကအတွက် သီးနှံအာမခံလျော်ကြေးငွေကျပ် ၃၄၇၇၀၀၀၀ ကို ပေးအပ်ခဲ့သည်။

**စံညွှန်းကိန်းထက်ကျော်လွန်**

ဆက်လက်ပြီး ဒုတိယသတ်မှတ်ကာလတွင် သတ်မှတ်ထားသော မိုးရေချိန် စံညွှန်းကိန်းထက် ကျော်လွန်ခြင်းအတွက် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်၊ တွံတေး၊ လှည်းကူးမြို့နယ်တို့မှ သီးနှံအာမခံထားရှိခဲ့သော မိုးစပါးစိုက်ဧကများအတွက်လည်း လျော်ကြေးငွေများ ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ လယ်ဝေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး



နေပြည်တော် ဒီဇင်ဘာ ၁၈

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌသည် လယ်ဝေးမြို့နယ် အေးချမ်းသာကျေးရွာအုပ်စု အေးချမ်းသာကျေးရွာ၌ ကျင်းပသည့် ရေကြီးနစ်မြုပ်မှုကြောင့် ဆုံးရှုံးခဲ့သည့် တိရစ္ဆာန်များအတွက် အစားထိုးပြန်လည်ဖြည့်ဆည်းပေးအပ်သည့်အခမ်းအနားကို တက်ရောက်ပြီး တောင်သူများနှင့် တွေ့ဆုံ၍ ယခုပေးအပ်သော တိရစ္ဆာန်များကို စနစ်တကျ အောင်မြင်စွာ မွေးမြူနိုင်ရေး၊ တိရစ္ဆာန်အစာများကို ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်ကျွေးမွေးနိုင်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြရေး မှာကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျွဲ၊ နွား၊ ဝက်နှင့် ဆိတ်များ လွှဲပြောင်းသည့်မှတ်တမ်းလွှာများကို ပေးအပ်ကာ တက်ရောက်လာကြသည့် တောင်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် အေးချမ်းသာကျေးရွာနှင့် အောင်ချမ်းသာကျေးရွာချင်းဆက်လမ်းကို စက်ယန္တရားများဖြင့် ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လမ်းရေရှည်တည်တံ့ခိုင်မြဲရေး၊ သတ်မှတ်စံချိန်စံညွှန်း ပြည့်မီစေရေးတို့ကို တာဝန်ရှိသူများအား မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ လယ်ဝေးမြို့နယ် ရုံးပင်ကျေးရွာရှိ ငြိမ်းချမ်းသာ အဆင့်မြင့်ဆန်စက်၊ ဆန်သန့်စင်စက်၊ စပါးအခြောက်ခံစက်နှင့် ဆန်ရောင်းဝယ်ရေး လုပ်ငန်းသို့ သွားရောက်၍ လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး ထုတ်ကုန်များ အရည်အသွေးပြည့်မီစေရေး၊ ပြည်တွင်းသာမက ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်ရေးတို့ကို အလေးထားဆောင်ရွက်စေလိုကြောင်း မှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်အရန်ရိက္ခာအစီအစဉ် လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၈

အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်အရန်ရိက္ခာအစီအစဉ် (ASEAN Plus Three Emergency Rice Reserve – APTERR) လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့ (Program Management Team –PMT) ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ဦးကျော်ဆွေလင်းက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက APTERR အစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်မှု၊ တာဝန်ရှိသူများနှင့် အွန်လိုင်းမှ တက်ရောက်ကြသည့် တိုင်းဒေသကြီး/ပြည်နယ် ကိုယ်စားလှယ်များက APTERR အစီအစဉ်-၃ (၂၀၂၃)ဖြင့် ဆန်ရိက္ခာဖြန့်ဖြူးလှူဒါန်းမှုနှင့် APTERR အစီအစဉ်-၃(၂၀၂၄)ဖြင့် လှူဒါန်းမည့်အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

APTERR အစီအစဉ်ကို အရေးပေါ်သတ်မှတ်ချက်အဆင့်-၁ သတ်မှတ်ဆန်အား စီးပွားရေးနည်းလမ်းဖြင့် ဖြန့်ဝေခြင်း၊ အရေးပေါ်သတ်မှတ်ချက်အဆင့်-၂ သတ်မှတ်ဆန်ကို ကာလရှည်ချေးငွေအကူအညီဖြင့် ဖြန့်ဝေခြင်း၊ အရေးပေါ်သတ်မှတ်ချက်အဆင့်-၃ သိုလှောင်ဆန်ကို အကူအညီဖြင့် ဖြန့်ဝေခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။

APTERR Tier-3 အစီအစဉ်-၃(၂၀၂၄)ဖြင့် ကိုရီးယားသမ္မတနိုင်ငံမှ ဆန်တန်ချိန် ၃၀၀၀ နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ငွေသားထောက်ပံ့မှုဖြင့် ဆန်တန်ချိန် ၅၀၀ တို့ကို လက်ခံသိုလှောင်ဖြန့်ဖြူးခွင့်ရရှိမည်ဖြစ်ပြီး အဆိုပါအရန်ဆန်များကို ၂၀၂၅ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရပါက ဘေးသင့်ပြည်သူများထံ APTERR ၏ အရန်ဆန်ဖြန့်ဖြူးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြန့်ဖြူးလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# သူနာပြုတက္ကသိုလ်(ရန်ကုန်)နှင့် ကိုရီးယားသမ္မတနိုင်ငံရှိ Gyeongbuk College of Health(GCH) တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

နေပြည်တော် ဒီဇင်ဘာ ၁၈

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန သူနာပြုတက္ကသိုလ်(ရန်ကုန်)နှင့် ကိုရီးယားသမ္မတနိုင်ငံရှိ Gyeongbuk College of Health(GCH) တို့အကြား ပညာရပ်ဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်ရန်အတွက် ငါးနှစ်သက်တမ်းရှိ နားလည်မှုစာချွန်လွှာ (Memorandum of Understanding)လက်မှတ်ရေးထိုးပွဲကို ယမန်နေ့က နေပြည်တော်ရှိကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၌ ကျင်းပသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲတွင် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာတင်ထွန်း တက်ရောက်အမှာစကားပြောကြားပြီး သူနာပြုတက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာတင်တင်ကျော်နှင့် Gyeongbuk College of Health(GCH) ၏ President ဖြစ်သူ Mr. Lee Eun Gik တို့က လက်မှတ်ရေးထိုးကြသည်။

နားလည်မှုစာချွန်လွှာအရ တက္ကသိုလ်နှစ်ခုမှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ အပြန်အလှန်စေလွှတ်ခြင်း၊ သင်ကြားရေး၊ သူနာပြုအတတ်ပညာနှင့် ယဉ်ကျေးမှုဆိုင်ရာ ဗဟုသုတများဖလှယ်ခြင်း၊ ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ၊ ဘာသာရပ်ဆိုင်ရာပို့ချမှုများနှင့် သုတေသနဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




# လှိုင်သာယာမြို့နယ်၌ အလုပ်သမားရေးရာညှိနှိုင်းရေး ကော်မတီအဖွဲ့ဝင်များ စွမ်းရည်မြှင့်သင်တန်းဖွင့်

ရန်ကုန် ဒီဇင်ဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC)အဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်သင်တန်းကို ယမန်နေ့နံနက် ၉ နာရီက အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေး ဦးစီးဌာနရှိ အမျိုးသားလုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးသင်တန်းကျောင်း၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲတွင် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးယန္တရား၌ WCC ၏ အခန်းကဏ္ဍမှာ များစွာအရေးပါခြင်းကြောင့် အဖွဲ့ဝင်များအနေဖြင့် အလုပ်သမားရေးရာဥပဒေများကို သိရှိနားလည်ရန် လိုအပ်ကြောင်း အလုပ်သမားရေးရာ ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းမင်းထွန်းက ပြောကြားပြီး စွမ်းရည်မြှင့်သင်တန်းကို နှစ်ရက်ကြာ သင်ကြားပို့ချမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးပွဲသို့ သင်တန်းနည်းပြများနှင့် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေး ကော်မတီ အဖွဲ့ဝင်များ စုစုပေါင်း ၆၀ တက်ရောက်ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# အားကောင်းသော လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၈

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီးနောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်းနှင့် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေတို့သို့ ရောက်ရှိနိုင်ကာ ထိုမှတစ်ဆင့် မြောက်ယွန်းယွန်းသို့ ဦးတည်ပြီး ၄၈ နာရီအတွင်း အင်ဒရာပရာဒေ့ရှ်ကမ်းရိုးတန်းတစ်လျှောက် ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။




မိုး/ဇလ

# မတ္တရာမြို့နယ်အနောက်ခြမ်းရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးနေကြောင်း သတင်းတု၊ သတင်းအမှားများဖြင့် လှုံ့ဆော်ဝါဒဖြန့်ဝေ




**နေပြည်တော် ဒီဇင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အနောက်ခြမ်းရှိ မြွေပုသိမ်ကျေးရွာ၊ မြွေကူးတိုးဆိပ်ကျေးရွာ၊ ဥဒိန်ကျေးရွာ၊ ပုသိမ်ကျေးရွာနှင့် ဆင်ကုန်းကျေးရွာတို့ကို ဒီဇင်ဘာ ၁၆ ရက်နှင့် ၁၇ရက်တို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးပြီး ပြည်သူပိုင်ပစ္စည်းများကို ယူဆောင်နေသည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လှုံ့ဆော်ရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ မတ္တရာမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် အဆိုပါကျေးရွာများ၏ အနီးဝန်းကျင်များတွင် PDF အမည်ခံအကြမ်းဖက်သမားများ ဝင်ရောက်လှုပ်ရှားမှု မရှိစေရေး နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိရာ ကျေးရွာများကို မီးရှို့ ဖျက်ဆီးခြင်းနှင့် ပြည်သူပိုင်ပစ္စည်းများကို ယူဆောင်ခြင်းမရှိကြောင်း သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင် လွဲမှားစေရန်အတွက် မြေပြင်ဖြစ်စဉ်များနှင့် ကွဲလွဲနေသည့် သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် လှုံ့ဆော်ရေးသား ဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်းသိရသည်။

**သတင်းစဉ်**

# မြဝတီမြို့၌ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဆိုင်ရာများ အသိပေးကြေညာ



**မြဝတီ ဒီဇင်ဘာ ၁၈**

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့၏ အစီအမံဖြင့် တစ်လမ်းမောင်းစနစ် သတ်မှတ်ဖော်ဆောင်ခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပေးကြေညာခြင်းကို ဒီဇင်ဘာ ၁၆ ရက်က စတင်ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အမှတ်(၇၃) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး အောင်လင်းဌေး၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေး အထောက်အကူပြု ဆပ်ကော်မတီအဖွဲ့တို့က တစ်လမ်းမောင်းစနစ် သတ်မှတ်ထားသည့် သောင်ရင်းလမ်း၊ ယောမင်းကြီးလမ်း၊ ပြည်ခိုင်ဖြိုးလမ်း၊ စစ်မှုထမ်းဟောင်းလမ်းနှင့် ရွှေမြင်းဝန်ဘုရားမြောက်ဘက် မုခ်ဝလမ်းတို့အား သတ်မှတ်ယာဉ်ကြောအတိုင်း မောင်းနှင်ကြရေး လမ်းညွှန်ဆောင်ရွက်ပေးပြီး ပညာပေးကာလအနေဖြင့် ဒီဇင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ သတ်မှတ်ထားသည်။

ထို့အတူ မြဝတီမြို့နယ်အတွင်း ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေးအတွက် နေအိမ်ရှေ့၊ ဆိုင်ရှေ့မျက်နှာစာများတွင် ယာဉ်များရပ်နားမည်ဆိုပါက လမ်းဘေးညာဘက် ကပ်လျက်ယာဉ်ကြော တစ်ထပ်တည်းသာ ရပ်နားရမည်ဖြစ်ပြီး ယာဉ်နှစ်ထပ် ရပ်နားခြင်း၊ လမ်းထောင့်၊ လမ်းကွေ့နေရာများ၌ ယာဉ်များရပ်နားထားခြင်း လုံးဝမပြုလုပ်ကြရန် အသိပေးကြေညာထားကြောင်း သိရသည်။

**ဇာဖြူဝင်း(မြဝတီ)**




# နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်သည်။

**မိုး/ဇလ**

# နိုင်ပွဲအတွက် ပရိသတ်နှင့် ကစားသမားများကို ကျေးဇူးတင်ကြောင်း မြန်မာအသင်းနည်းပြချုပ် ပြောကြား

**ရန်ကုန် ဒီဇင်ဘာ ၁၈**

မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ် ဦးမျိုးလှိုင်ဝင်းက ဒီဇင်ဘာ ၁၈ ရက်က ယှဉ်ပြိုင်ကစားသည့် ASEAN Cup ပြိုင်ပွဲတွင် လာအိုအသင်းကို အနိုင်ရသည့်ပွဲ၌ ပရိသတ်နှင့် ကစားသမားများကို ကျေးဇူးတင်ကြောင်း ပွဲပြီးသတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ဦးမျိုးလှိုင်ဝင်းက "လာအိုနဲ့ပွဲမှာ အနိုင်ရခဲ့တာက ကစားသမားတွေရဲ့ ကြိုးစားအားထုတ်မှုနဲ့ ပရိသတ်တွေရဲ့ တစ်ခဲနက်အားပေးမှုကြောင့်ဖြစ်ပါတယ်။ ဒါကြောင့် ပရိသတ်တွေရော ကစားသမားတွေကိုပါ ကျေးဇူးတင်ပါတယ်။ ကစားသမားတွေအနေနဲ့ အခုပွဲမှမဟုတ်ပါဘူး။ အရင်ပွဲတွေက အကောင်းဆုံးကြိုးစားကြသလို ပွဲချိန်ပြည့်လည်း စိတ်ဓာတ်အပြည့်နဲ့ ကစားတာဖြစ်ပါတယ်။ ဗီယက်နမ်နဲ့ပွဲက အဝေးကွင်းဖြစ်သလို ကျွန်တော်တို့အုပ်စုမှာ အကောင်းဆုံးအသင်းလို့ ပြောနိုင်ပါတယ်။ သူတို့ကွင်းမှာ ကစားရမှာဖြစ်ပေမယ့် အခုပွဲတွေလိုပဲ အကောင်းဆုံးပြင်ဆင်ပြီး ယှဉ်ပြိုင်မှာပါ"ဟု ပြောကြားခဲ့သည်။

ဦးမျိုးလှိုင်ဝင်းသည် မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ်အဖြစ် စက်တင်ဘာလတွင် စတင်ခန့်အပ်ခံရပြီး ပထမဆုံးနိုင်ငံတကာပြိုင်ပွဲအဖြစ် 2024 ASEAN Cup ပြိုင်ပွဲ ယှဉ်ပြိုင်နေခြင်းဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-သော်ကြီး**



# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၁၂-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပခုက္ကူ | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၄၀ | ၃၁၅၅ | ၃၁၂၀ | ၃၀၅၅ | ၃၁၆၀ | ၃၁၇၅ | ၃၁၉၅ | ၃၁၁၀ | ၄၅၀၅ | ၃၄၀၅ | ၃၁၃၀ | ၃၁၃၀ | ၃၂၀၀ | ၃၁၆၅ | ၃၁၉၀ | ၃၄၄၅ | ၃၉၅၀ |
| 95 Ron | ၃၁၅၀ | ၃၂၆၅ | ၃၂၃၀ | ၃၁၆၅ | ၃၂၇၀ | ၃၂၈၅ | ၃၃၀၅ | ၃၂၂၀ | ၄၅၆၀ | ၃၅၁၅ | ၃၂၄၀ | ၃၂၄၀ | ၃၃၁၀ | ၃၂၇၅ | ၃၃၀၀ | ၃၅၅၅ | ၄၁၀၀ |
| HSD (500 ppm) | ၂၅၉၀ | ၂၇၀၅ | ၂၆၇၀ | ၂၆၀၅ | ၂၇၁၀ | ၂၇၂၅ | ၂၇၄၀ | ၂၆၆၀ | - | ၂၉၅၅ | ၂၆၈၀ | ၂၆၈၀ | ၂၇၅၀ | ၂၇၁၅ | ၂၇၃၅ | ၂၉၉၅ | ၃၉၅၀ |
| HSD (50 ppm) | ၃၂၁၀ | ၃၃၂၅ | ၃၂၉၀ | ၃၂၂၅ | ၃၃၃၀ | ၃၃၄၅ | ၃၃၆၅ | ၃၂၈၀ | ၄၈၃၀ | ၃၅၇၅ | ၃၃၀၀ | ၃၃၀၀ | ၃၃၇၀ | ၃၃၃၅ | ၃၃၅၅ | ၃၆၁၅ | - |
| HSD (10 ppm) | ၃၂၁၀ | ၃၃၂၅ | ၃၂၉၀ | ၃၂၂၅ | ၃၃၃၀ | ၃၃၄၅ | ၃၃၆၅ | ၃၂၈၀ | - | ၃၅၇၅ | ၃၃၀၀ | ၃၃၀၀ | ၃၃၇၀ | ၃၃၃၅ | ၃၃၅၅ | ၃၆၁၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၇၁ | ၂၉၆၂ |
| 95 Ron | ၂၉၇၇ | ၃၀၇၁ |
| HSD (500 ppm) | ၂၄၃၃ | ၂၅၁၁ |
| HSD (50 ppm) | ၃၀၃၅ | ၃၁၂၅ |
| HSD (10 ppm) | ၃၀၃၅ | ၃၁၂၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## သက်ဆိုင်သူများနှင့်အများသိစေရန်ကြေညာခြင်း

အောက်ဖော်ပြပါပစ္စည်း အရပ်ရပ်သည် ဗိုလ်မှူးမောင်မောင်လတ်(ငြိမ်း)နှင့် ဇနီးဒေါ်မြင့်မြင့်ဝင်းတို့ အကြင်လင်မယားအဖြစ်ပေါင်းသင်းစဉ်ဖြစ်ထွန်းလာသည့် လက်ထက်ပွားပစ္စည်းများဖြစ်ပါသည်။ ဒေါ်မြင့်မြင့်ဝင်းသည် (၁၈-၉-၂၀၂၄)ရက်နေ့တွင်ကွယ်လွန်သွားပြီးဖြစ်သည့်အတွက် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ကျန်ရစ်သည့်လင်မယား(၂)ဦးပိုင် ပစ္စည်းအားလုံး၏ အကျိုးခံစားခွင့်များသည် ဗိုလ်မှူးမောင်မောင်လတ်(ငြိမ်း)မှ ရရှိပိုင်ဆိုင်သော ပစ္စည်းများဖြစ်ပါသည်။ အဆိုပါပစ္စည်းများကို ဗိုလ်မှူးမောင်မောင်လတ်(ငြိမ်း)၏ ခွင့်ပြုချက်မရရှိဘဲ မည်သူကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းလွှဲပြောင်းရယူခြင်းတို့ မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်-

**ရွှေ့ပြောင်းနိုင်သောပစ္စည်းများ။**

၁။ Hilux SURF (2000 Model)ရွှေ/ဖြူရောင်၊ No. 5H/9578 (၁)စီး၊

၂။ Hilux SURF (1997 Model)အပြာရောင်၊No. 9D/3169 (၁)စီး၊

၃။ Nissan March (2012 Model) အညိုရောင်၊ No. 5D/9577 (၁)စီး၊

၄။ TOYOTA CROWN အဖြူရောင် 6C/ ကား(၁)စီး၊ (နံပါတ်မမှတ်မိ)

၅။ လင်မယား(၂)ဦးပိုင် (စိန်တစ်ဆင်စာ၊ ပတ္တမြားတစ်ဆင်စာ၊ နီလာတစ်ဆင်ဆာ၊ ကျောက်စိမ်းတစ်ဆင်ဆာ၊ ပုလဲတစ်ဆင်ဆာ)

၆။ ကျားဝတ်လက်စွပ်(၄)ကွင်း၊ နဝရတ်လက်စွပ်(၁)ကွင်း၊ ပတ္တမြားလက်စွပ်(၁)ကွင်း၊ နီလာလက်စွပ်(၁)ကွင်း၊ ကျောက်စိမ်းလက်စွပ်(၁)ကွင်း

**မရွှေ့မပြောင်းနိုင်သောပစ္စည်းများ။**

(၁) ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ (၁၀)မိုင်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ မာဃလမ်းရှိ အမှတ်-၇၇၇ မြေကွက်နှင့် (၂)ထပ်တိုက်အဆောက်အအုံ (၁)လုံး၊

(၂) ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ မဟာသုခိတာ(၄)လမ်းထိပ်၊ မြေနှင့် (၂)ထပ်တိုက်အဆောက်အအုံ(၁)လုံး၊

(၃) ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ စတားစီးတီးအိမ်ရာရှိ တိုက်(B-1)၊ အခန်း(၁၁၂)မြေညီထပ်ကွန်ဒိုတိုက်ခန်း (၁)ခန်း၊

(၄) ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ ရွှေကမ္ဘာအိမ်ရာ၊ တိုက်(B)၊ အခန်း(၁၀၂)၊ တိုက်ခန်း(၁)ခန်း၊

(၅) နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဆင်ဖြူရှင်ရပ်ကွက်၊ အမှတ်-၁၅၉၊ အဏ္ဏဝါလမ်းနှင့်ဟံသာဝတီလမ်းထောင့်ရှိ(၈၀x၈၀)ပေ မြေကွက်နှင့် တစ်ထပ်တိုက်အိမ်(၁)လုံး၊

(၆) နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဆင်ဖြူရှင်ရပ်ကွက်၊ အမှတ်-၁၅၃၊ ရန်ကြီးအောင်(၈)လမ်းရှိ (၈၀ x ၈၀)ပေမြေကွက်နှင့် သစ်သားတစ်ထပ်နေအိမ် (၁)လုံး၊

(၇) နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇီးကုန်းကျေးရွာအုပ်စု၊ ဇီးကုန်းရွာရှိ ကွင်းအမှတ်(၁၅၂၁/က) ဦးပိုင်အမှတ်(၂၂/၁)၊ ဧရိယာ(၃. ၂၃)ဧက၊ ကွင်းအမှတ်(၁၅၂၂)၊ ဦးပိုင်အမှတ်(၁၃/၁)၊ ဧရိယာ(၂.၃၇)ဧက၊ ကွင်းအမှတ်(၂၉က/၂)၊ ဧရိယာ(၂.၃၄)ဧက၊ (စုစုပေါင်း ၁၀.၆၆ဧက)ရှိမြေများ။

(၈) နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်-၄၇၆၂၊ (၆၀x၄၀)ပေရှိ မြေကွက်နှင့် သစ်သားတစ်ထပ်နေအိမ်တစ်လုံး

(၉) နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ အမှတ်-၁၃၂၆၊ မလိခ(၁)လမ်းရှိ (၆၀x၆၀)ပေရှိ မြေကွက်(၁)ကွက်၊ (အုတ်တံတိုင်းခတ်ပြီး)

(၁၀) နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းဈေးတန်းရှိ နှစ်ထပ်ဆိုင်ခန်းအမှတ်(ပ-၁၉၃)ဆိုင်ခန်း(၁)ခန်း၊

(၁၁) ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ မီးပုံးပျံကွင်းအနီး၊ ရွှေတောင်ကြားရပ်ကွက်၊ မြွေပွေးတောင်ရှိ (၆၀ x ၄၀)ပေရှိ မြေကွက်(၁)ကွက်၊

(၁၂) ရှမ်းပြည်နယ်၊ တောင်ကြီး-ကက္ကူကားလမ်းဘေး၊ ညောင်ပင်ဝိုင်းရွာရှိ(၁၀၀x၁၀၀)ပေမြေကွက်(၁)ကွက်၊

**ဗိုလ်မှူးမောင်မောင်လတ်(ငြိမ်း) [၁၀/မဒန(နိုင်)၀၁၂၆၆၇]**

**ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါက်တာထူးမောင်** | **ဦးငွေးကိုကို(LL.B)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၄၉၂၉၄)** | **(စဉ်-၇၂၁၈/၂၀၀၄)** |
| **Ph.D (IHL),LLM. LLB** | **အမှတ်-၄၄/ခ၊ မြေညီထပ်၊** |
| **(yangon university)** | **၄၃-လမ်း၊ ဗိုလ်တထောင်မြို့နယ်။** |
| **Certificate of international Law** | |
| **( The Hague, The Natharland )** | |

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမဝန်ထမ်းအိမ်ရာ (ပညာရေး)တိုက်အမှတ်(C)၊ အခန်း(၅)တွင် နေထိုင်လျက်ရှိသော ဒေါ်အိမ့်ဖြူစင်ကျော် (ဘ)ဦးသန့်စင် [၁၂/ဥကမ(နိုင်)၂၄၀၂၉၉]မှ ကုန်အမှတ်တံဆိပ်-ကြာပဒုမ္မာ အမည်အမှတ်အသားဖြင့် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ် မှတ်ပုံတင်အမှတ်-၄/၉၇၉၃ ဖြင့်(၂၉-၁၁-၂၀၂၄)ရက်နေ့က မြွက်ဟကြေညာမှတ်ပုံတင်သွင်း ကြေညာထားပြီးဖြစ်ပါသည်။




အထက်တွင် ကပ်နှိပ်ဖော်ပြထားသည့် ကြာပဒုမ္မာ ပြာမကြွေ အမွှေးနံ့သာတိုင်ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကောင်းမွန်သော ဂုဏ်သတင်းဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ပါ၍ ကျွန်ုပ်တို့၏ မိတ်ဆွေ မှတ်ပုံတင်သွင်းသော အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်ဖြင့် လည်းကောင်း၊ ကုန်အမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ မည်သူမဆို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား ပြုလုပ် သုံးစွဲခြင်းမပြုလုပ်ကြပါရန် သတိပေးတားမြစ်ကြေညာအပ်ပါသည်။

အကယ်၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမှတ်အသားကို ကျွန်ုပ်တို့၏မိတ်ဆွေ၏ ခွင့်ပြုချက်မရှိဘဲ အခြားသူတစ်ဦး တစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ အသုံးပြုကြောင်းတွေ့ရှိပါက တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ ဥပဒေနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးစိုးမင်း(LLB)** | **ဒေါ်ဝင်းထက်ထက်ခိုင် (LLB)** |
| **အထက်တန်းရှေ့နေ(စဉ်-၁၉၈၇၉)** | **အထက်တန်းရှေ့နေ(စဉ်-၃၁၈၄၁)** |
| **Ph:09-979513030** | **Ph:09-421078868** |

**တိုက်/အခန်း(၁၀၁)၊ ကမ်းသာယာ(၂)၊ ကမာကြည်(၉)ရပ်ကွက်၊ သာကေတ။**

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ ရတနာပုံ(၃)လမ်း၊ အမှတ်(၁၁၉၄)တွင်နေထိုင်သော ဒေါ်ခင်ချိုမြင့် (ဘ)ဦးစိုးမြင့်[၁၂/လမန(နိုင်) ၁၀၁၈၈၂] သည် အောက်တွင် ဖော်ပြထားသည့် ကုန်အမှတ်တံဆိပ်မူပိုင်ရှင်ဖြစ်ပါသည် -




**မှတ်ပုံတင်စာချုပ်အမှတ် - ၁၁၀၆၄/၂၀၁၃(နေ့စွဲ- ၁-၁၀-၂၀၁၃)**

အထက်ဖော်ပြပါ ကျော်ကြား အသင့်စား မြေအိုးမြီးရှည်အနှစ် ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် မြေအိုးမြီးရှည် (Sauce)၊ မာလာ (Sauce)၊ ကြေ့တီယို (Sauce)၊ မြေအိုးမြီးရှည်၊ မာလာ Ready made၊ Slad Spicy Sauce နှင့် စားသောက်ကုန်အမျိုးမျိုးတို့အား သေသပ်လှပသောထုပ်ပိုးမှု ဒီဇိုင်းများဖြင့် ကိုယ်တိုင်တီထွင်ဖန်တီးထုတ်လုပ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အရောင်းဆိုင်ခန်းများ ဖွင့်လှစ်၍ဖြစ်စေ၊ လက်လီ၊ လက်ကား ဖြန့်ဖြူးရောင်းချ အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မှိုငြမ်း တုပသုံးစွဲခြင်း၊ ထုတ်လုပ်ရောင်းချခြင်း၊ တစ်နည်းနည်းဖြင့်အသုံးပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ မှိုငြမ်းတုပ သုံးစွဲမည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်ချိုမြင့် (ဘ)ဦးစိုးမြင့်[၁၂/လမန(နိုင်)၁၀၁၈၈၂]၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်အိသူနွယ်စိုး(LL.B,LL.M)** | **ဒေါ်ဆွေဇင်ဦး(LL.B)** | **ဒေါ်အေးအေးသန်း(LL.B)** |
| **(စဉ်-၈၇၄၈)** | **(စဉ်-၁၂၄၁၇)** | **(စဉ်-၁၂၄၈၆)** |

**တရားလွှတ်တော်ရှေ့နေများ**

| | | |
|---|---|---|
| **၀၉-၂၅၄၈၅၇၇၉၂** | **၀၉-၄၂၀၀၈၈၉၈၃** | **၀၉-၄၂၀၀၂၅၂၀၆** |

**အင်းစိန်စုပေါင်းရုံးကြီးဝင်း၊ အင်းစိန်မြို့နယ်။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉၉/က)၊ ရွာမအရှေ့ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ မြေကွက်အမှတ်(စ/၂၂၆) ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးကျင်စိန်(ခ)လင်ကရန်စိန်အမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း(၀.၀၆၀)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အိမ်အမှတ်(၂၇/က)၊ သီရိမင်္ဂလာလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်ဟုခေါ်တွင်သည့် နေအိမ်နှင့် ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးကျင်စိန်(ခ)လင်ကရန်စိန် [၁၂/လမတ(နိုင်)၀၃၀၄၈၇]ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)**
**အမှတ်(၈၄၆)၊ သမာဓိလမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## အများသိစေရန်ကြေညာချက်

လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ အနော်ရထာစက်မှုဇုန်၊ စံပါယ်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀/ အနော်ရထာစက်မှုဇုန်)၊ မြေကွက်အမှတ်(V-7)တွင် အုတ်ခြစ်စည်းရိုးပတ်လည်ကာရံခွင့်ပြုပါရန် မြေပိုင်ဆိုင်မှုအနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၁၂ ခုနှစ်ထုတ် စက်မှုလက်မှု လုပ်ငန်းအတွက် မြေအသုံးပြုခွင့် အမည်ပေါက် ဒေါ်ခင်ခင်ထွေး (၉/အမဇ(နိုင်)၀၀၀၀၅၀)နှင့် ဒေါ်အိအိထွေး (၉/အမဇ (နိုင်) ၀၀၆၅၁၄) မှ တင်ပြလျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ ပူးတွဲတင်ပြထားသော စက်မှုလက်မှုလုပ်ငန်းအတွက် မြေအသုံးပြုခွင့်မှာ သက်တမ်းကျော်လွန်နေပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့ရပ်ကွက်၊ ကံ့ကော်လမ်း၊ မြေကွက်အမှတ်(၁၈၉၇)၊ ပေ(၄၀x၆၀)ရှိပါမစ်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်း ရောင်းချခွင့်ရှိသူ ဒေါ်အေးသီရိဇင်[၁၂/ကမတ(နိုင်)၀၅၃၄၁၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းအောင်[၁၂/စခန(နိုင်)၀၅၂၃၃၀]က အပြီးအပိုင်ဝယ်ယူရန် မြေကွက်တန်ဖိုး၏တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောတရားဝင်စာရွက်စာတမ်းမူရင်းများနှင့် အတူတကွကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဉာဏ်မင်းထက်(LL.B)** | **ဒေါ်ယုဇနကို(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၂၃၁၂)** | **အထက်တန်းရှေ့နေ(စဉ်-၅၂၇၄၆)** |

**အမှတ်(၂၈၀/က)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း-၀၉-၉၇၇၁၂၈၁၃၈၊ ၀၉-၄၂၀၀၉၉၄၆၄**

## ဖခင်အမည်မှန်

နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၊ အမှတ်(၁၅)အခြေခံပညာအထက်တန်းကျောင်း Grade-9 တွင် ပညာသင်ကြားနေသော မောင်အာကာဟိန်း ၏ ဖခင်အမည်မှန်မှာ ဦးစံလှိုင်မိုး[၁၄/ကပန(နိုင်)၁၄၈၈၉၇] ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၆၊ မြေကွက်အမှတ်-၃၉၈၊ မြေကွက်တည်နေရာအမှတ်-၃၉၈၊ ဗန္ဓုလလမ်း၊ ၄၆-ရပ်ကွက်၊ ဒဂုံမြောက်၊ ဦးသန်းအောင်(CF-၀၆၅၄၆၄) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား ဂရန်အမည်ပေါက် ဦးသန်းအောင်(ခင်ပွန်း) ကွယ်လွန်သဖြင့် ၎င်း၏ တရားဝင်ဇနီးဖြစ်သူ ဒေါ်စန်းမေ [၁၂/သကတ(နိုင်)၁၁၄၇၄၀]မှ ကွယ်လွန်သူ၏ ဇနီးတော်စပ်ကြောင်း၊ မိမိမှလွဲ၍ အခြားသောဇနီး၊ မယားတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျန်ရစ်သူမိမိသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ခင်ပွန်းသေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်၊ နိုင်ကတ်တို့တင်ပြ၍ ဒေါ်စန်းမေပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ပီမိုးနင်း(၁)လမ်း၊ အမှတ်(၃၉၆)၊ (၄၀ပေx၆၀ပေ)ဧရိယာအကျယ် မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးကျော်စိုး BRGN.008703 အမည်ဖြင့် မှတ်သားတည်ရှိပြီး ယင်းမြေကွက်၏ တရားဝင် မခွဲစိတ်ရသေးသည့် အမှတ် (၃၉၇)နှင့်ကပ်လျက် (၂၀ပေx၆၀ပေ)ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နန်းညွန့်မေ [၁၃/တကန(နိုင်)၀၈၅၇၀၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သဲစုလှိုင် [၁၀/မလမ(နိုင်)၂၀၄၄၆၃]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ရောင်းချမှုကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်အောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၂၅၅၅)**
**အမှတ်(၁၆၄၃)၊ သိပ္ပံမောင်ဝလမ်း၊ ၄၂-ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၅၀၆၀၄၃**

## ကြော်ငြာစာ

**(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ- ၂၈၃)**
**အင်းစိန်ခရိုင်တရားရုံးတော်၌**
**၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်- ၄၂**
**ကွယ်လွန်သူ ဒေါ်ခင်ဝင်းကြည်၏ ကျန်ရှိရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

ဒေါ်လှလှဝင်း -------------------- လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၃)ရပ်ကွက်၊ မင်းရဲကျော်စွာ(၁၂)လမ်း၊ အမှတ်(၂၁)တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်ခင်ဝင်းကြည်၏ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်း ကွယ်လွန်သူ ဒေါ်ခင်ဝင်းကြည်၏ ညီမတော်စပ်သူဖြစ်သော ဒေါ်လှလှဝင်းက အမွေဆက်ခံခြင်း အက်ဥပဒေအရလျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ(၂၇)ရက်၊ (၁၃၈၆ခုနှစ်၊ နတ်တော်လဆုတ် ၁၂ ရက်)နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်ခင်ဝင်းကြည်၏ ကျန်ရှိရစ်သောပစ္စည်းတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက် ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်၊ (၁၃၈၆ခုနှစ်၊ နတ်တော်လဆုတ် ၁၂ ရက်နေ့)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက် ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဒေါ်လှလှဝင်း၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက် ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၃)ရက်နေ့၌ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စောထွန်းအေး)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**အင်းစိန်ခရိုင်တရားရုံး**

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်ညွန့်
### အသက်(၇၇)နှစ်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်နေ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သီရိပျံချီဦးကိုကို ၏ချစ်လှစွာသောဇနီး ဒေါ်တင်တင်ညွန့် (၇၇)နှစ်သည် ၁၈-၁၂-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၂:၀၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးချစ်လှိုင်
### အသက်(၈၄)နှစ်

ရန်ကုန်မြို့နေ (ဦးထွန်းမောင်-ဒေါ်ရင်)တို့၏ သား၊ ဒေါ်မြရီ-(ဦးမောင်သွင်)တို့၏ အစ်ကို၊ (ဒေါ်လှရီ)၏ခင်ပွန်း၊ ဦးဝင်းလှိုင်-ဒေါ်မြင့်မြင့်စိုးတို့၏မွေးသဖခင်၊ ကိုသီဟနိုင်၊ ကိုသူရထွန်းတို့၏အဘိုး၊ မောင်ဆက်ဝေနိုင်၊ မစုစန္ဒီနိုင်တို့၏ ဘိုးဘိုးကြီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး ဦးချစ်လှိုင် အသက်(၈၄)နှစ်သည် ၁၈-၁၂-၂၀၂၄ (ဗုဒ္ဓဟူးနေ့) နံနက် ၆:၁၅ နာရီခန့်တွင် ရန်ကုန်မြို့ နေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစု၏ဆန္ဒအရ ၁၈-၁၂-၂၀၂၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား ညိုးငယ်သောစိတ်ထားဖြင့် အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ရက်လည်ဆွမ်းကျွေးတရားတော်နာယူရန် ၂၄-၁၂-၂၀၂၄ (အင်္ဂါနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ သင်းဝင်(၅)လမ်း၊ အမှတ်(၁၀၃၁)နေ အိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်ညွန့်
### အသက်(၇၇)နှစ်

ရန်ကုန်မြို့နေ (ဦးညွန့်မောင်-ဒေါ်ခင်ကြည်)တို့၏သမီးကြီး၊ တောင်သာမြို့နေ (ဦးစန်းရည်-ဒေါ်ငွေ)တို့၏ သမီးချွေးမ၊ နေပြည်တော်နေ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သီရိပျံချီဦးကိုကို၏ ချစ်လှစွာသော ဇနီး၊ ဒေါ်သီတာကို၊ ဦးဇော်နိုင်ဝင်း-ဒေါ်မာလာကို၊ ဒေါ်ကလျာကိုတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မသိင်္ဂီရွှေရည်ဝင်း၊ မရွှန်းနန္ဒီ၊ မသီတဂူရွှေရည်ဝင်းတို့၏ အဘွား၊ ဒေါက်တာအောင်ညွန့်၊ (ဦးခင်မောင်ညွန့်)၊ ဒေါ်ပိုပို၊ ဦးယဉ်မောင်ထွန်း၊ ဒေါ်လှမြင့်သန်း၊ ဒေါက်တာထွေးထွေးညွန့်၊ ဒေါ်မြတ်မြတ်ညွန့်တို့၏ အစ်မကြီးဖြစ်သူ ဒေါ်တင်တင်ညွန့်သည် ၁၈- ၁၂- ၂၀၂၄ ရက် နံနက် ၂ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) နေပြည်တော်၌ ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ၂၂- ၁၂- ၂၀၂၄ ရက် နံနက် ၁၀ နာရီတွင် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) နေပြည်တော်ငြိမ်းအေးဇရပ်မှ နေပြည်တော်၊ စစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၄- ၁၂- ၂၀၂၄ ရက် (အင်္ဂါနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအထိ နေပြည်တော်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးကြီး ဇေယျကျော်ထင် သီရိပျံချီ ခင်မောင်ကြီး(ငြိမ်း)
### ကုန်သွယ်ရေးဝန်ကြီး (ငြိမ်း)
### အသက် (၉၄) နှစ်

ဦးရဲညွန့် (ညွှန်ကြားရေးမှူးချုပ်၊ ပင်စင်ဦးစီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)-ဒေါက်တာဆင်းသိင်္ဂီတို့၏ဖခင်ကြီး ဗိုလ်မှူးကြီး ဇေယျကျော်ထင် သီရိပျံချီ ခင်မောင်ကြီး(ငြိမ်း)သည် ၁၈-၁၂-၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်**
**အရာထမ်း၊ အမှုထမ်းများ**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်ညွန့်
### အသက်(၇၇)နှစ်

နေပြည်တော်နေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သီရိပျံချီဦးကိုကို၏ဇနီး ဒေါ်တင်တင်ညွန့်သည် ၁၈-၁၂-၂၀၂၄ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဗိုလ်ချုပ်ကြီးနိုင်နိုင်ဦးနှင့်ဇနီး ဒေါ်ကြည်နွယ်ဦး**
**ဗိုလ်မှူးချုပ်ထွန်းနိုင်ဦးနှင့်ဇနီး ဒေါ်စိုးစိုးအေး**
**တို့မိသားစု**

---

## ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်း၊ ရဟန်းဒါယကာကြီး
## ဦးအောင်သန်းမြင့် (ခ) တန်ယံ့ပင် (ခ) ဦးပိန်
### အသက် ( ၇၂ ) နှစ်

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ ၁၂-လမ်း၊ အမှတ်(၃၄)နေ (ဦးတင်ထွန်း(ခ)တန်တျုကား + ဒေါ်ရှုကျင်) တို့၏ သား (ဦးလင်ကျိုကား + ဒေါ်ငွေရှင်)တို့၏သားသမက်၊ ဒေါ်ခင်အေးမော်၏ ခင်ပွန်း၊ ဦးနိုင်ဝင်း + ဒေါ်ယဉ်ယဉ်ဆွေ၊ ဦးအောင်ဝင်း + ဒေါ်စုစုမွန်၊ ဦးဇော်လင်းရှိန် + ဒေါ်ချိုအေးနိုင်၊ ဦးထိန်ဝင်းအောင်တို့၏ ဖခင်၊ မစုမြတ်ပိုပို၊ မဆုလာဘ်ဝင်း၊ မပဟေဇယ်ပိုပို၊ မောင်ဝေယံလင်းရှိန်တို့၏ အဘိုးဖြစ်သူ ဦးအောင်သန်းမြင့်(ခ) တန်ယံ့ပင် (ခ) ဦးပိန်သည် ၁၇-၁၂-၂၀၂၄ ရက်နေ့ ညနေ ( ၆ း ၁၅ )နာရီတွင် Grand Hantha Hospital တွင် ဘဝ တစ်ပါးသို့ ကူးပြောင်းသွားပြီဖြစ်ပါသည်။

ကွယ်လွန်သူ၏ ကျန်ရစ်သောရုပ်ကလပ်အား (၂၁-၁၂-၂၀၂၄) ရက်နေ့၊ နံနက် ( ၁၁ ) နာရီတွင် ရေဝေးသုသာန်တွင် မီးသင်္ဂြိုလ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ညိုးငယ်သော စိတ်ထားဖြင့် အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၂-x^၂)၊ မြေကွက်အမှတ်- ပဥ္စမတန်းစား ၁၃၀၊ မြေကွက်တည်နေရာအမှတ် (၅၉၈)၊ ကမ်းနားလမ်း၊ (၂)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ဦးချစ်မောင် [၁၂/လမတ(နိုင်) ၀၁၅၉၇၇] အမည်ပေါက် နှစ်(၆၀) မြေငှား ဂရန်မြေအား အမည်ပေါက် (ဖခင်)ဖြစ်သူ ဦးချစ်မောင်မှာ (၁၁-၁-၂၄)တွင် လည်းကောင်း၊ (မိခင်)ဖြစ်သူ ဒေါ်တင်မြမှာ (၉-၁၀-၂၀၁၃)တွင် လည်းကောင်း၊ သမီးဖြစ်သူ ဒေါ်ခင်မြင့်ရီမှာ (၁၅-၄-၂၀၁၀)တွင် ကွယ်လွန်သဖြင့် ကျန်သားသမီးများဖြစ်ကြသော ဒေါ်နုနုရီ [၁၂/လမတ(နိုင်)၀၁၀၉၁၇]၊ ဦးအောင်မြင့်သိန်း [၁၂/လမတ(နိုင်) ၀၂၀၆၃၂]၊ ဦးဝင်းအောင် [၁၂/လမတ (နိုင်) ၀၃၂၅၆၁]တို့မှ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ ကျမ်းကျိန်လွှာ၊ ဝင်စာအမှတ်- ၁၃၁၂၆/၉-၁၀-၂၀၂၄ အရ ဒေါ်နုနုရီ+၂ မှ ဒေါ်ခင်မြင့်ရီမှာ (၁၅-၄-၂၀၁၀)တွင် ကွယ်လွန်ကြောင်းနှင့် ဒေါ်ခင်မြင့်ရီနှင့် ခင်ပွန်း ဦးဝင်းနိုင်တို့တွင် သားသမီးမထွန်းကားခဲ့ကြောင်း ရပ်ကွက်ထောက်ခံစာ၊ ရေးသွင်းရက်စွဲ (၈-၉-၂၀၁၁)နှင့် မိတ္တူ (၇-၁၀-၂၀၂၄)ရက်စွဲပါ အိမ်ထောင်စုလူဦးရေစာရင်းတွင် ဦးဝင်းအောင်(အဖ)အမည်ဦးချစ်မောင်ပါဝင်သော အိမ်ထောင်စုစာရင်းများ တင်ပြ၍ ဒေါ်နုနုရီ+၂ မှ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်ညွန့်
### အသက် (၇၇) နှစ်

ရန်ကုန်မြို့နေ (ဦးညွန့်မောင်-ဒေါ်ခင်ကြည်)တို့၏ သမီးကြီး၊ တောင်သာမြို့နေ (ဦးစန်းရည်-ဒေါ်ငွေ)တို့၏ သမီးချွေးမ၊ နေပြည်တော်နေ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၏ ချစ်လှစွာသောဇနီး၊ ဒေါ်သီတာကို၊ ဦးဇော်နိုင်ဝင်း-ဒေါ်မာလာကို၊ ဒေါ်ကလျာကိုတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မသိင်္ဂီရွှေရည်ဝင်း၊ မရွှန်းနန္ဒီ၊ မသီတဂူရွှေရည်ဝင်းတို့၏ အဘွားဖြစ်သူ ဒေါ်တင်တင်ညွန့်သည် ၁၈-၁၂-၂၀၂၄ ရက်နေ့ နံနက် ၂ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် နှင့်ဇနီး ဒေါ်မေမြင့်မောင်**
**ဝန်ထမ်းမိသားစုများ**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်ညွန့်
### အသက် (၇၇) နှစ်

ရန်ကုန်မြို့နေ (ဦးညွန့်မောင်-ဒေါ်ခင်ကြည်)တို့၏ သမီးကြီး၊ တောင်သာမြို့နေ (ဦးစန်းရည်-ဒေါ်ငွေ)တို့၏ သမီးချွေးမ၊ နေပြည်တော်နေ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၏ ချစ်လှစွာသောဇနီး၊ ဒေါ်သီတာကို၊ ဦးဇော်နိုင်ဝင်း-ဒေါ်မာလာကို၊ ဒေါ်ကလျာကိုတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မသိင်္ဂီရွှေရည်ဝင်း၊ မရွှန်းနန္ဒီ၊ မသီတဂူရွှေရည်ဝင်းတို့၏ အဘွားဖြစ်သူ ဒေါ်တင်တင်ညွန့်သည် ၁၈-၁၂-၂၀၂၄ ရက်နေ့ နံနက် ၂ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**အနုပညာဦးစီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးသောင်းထွန်း
### အသက်(၇၀)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄) ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ် (၃၀၃)နေ ဦးသောင်းထွန်းသည် ၁၄-၁၂-၂၀၂၄ ရက် နံနက် ၃:၅၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်း ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**NEW BUFFALO မိသားစု**

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အဝေရာအိမ်ရာ၊ တိုက်အမှတ်(၂)၊ အခန်းအမှတ်(၁၂) အား ဦးသက်ဦးဆွေ [၆/ထဝန(နိုင်) ၀၈၆၉၇၇]ထံမှ ဒေါ်စန်းရှင် [၁၀/မလမ(နိုင်) ၀၁၂၁၅၅]က စာချုပ်စာတမ်းဖြင့်ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်**
**အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**(ရုံးချုပ်)၊ နေပြည်တော်၊**
**၀၆၇-၃၄၀၇၅၄၇**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးသောင်းထွန်း
### အသက် (၇၀)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄) ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ် (၃၀၃)နေ ဦးသောင်းထွန်းသည် ၁၄-၁၂-၂၀၂၄ ရက် နံနက် ၃:၅၀နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်း ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်နိုင်-ဒေါ်မေသက်ခိုင်**

---

## ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့၊ ကွင်းရပ်ရပ်ကွက်၊ အကွက်အမှတ် (၇၅)ကွင်းရပ်၊ ဦးပိုင်အမှတ် (၁၀၉/င)၊ ဧရိယာ (၀.၀၄၆)ဧကရှိ ဘိုးဘွားပိုင်မြေကွက်သည် မော်လမြိုင်မြို့နယ် မြေစာရင်းဦးစီးဌာနမှတ်ပုံတင် (၁-က)စာရင်းတွင် ဦးငွေတင် (ဇနီး) ဒေါ်သန်းရီတို့ (၂)ဦး အမည်ပေါက်ပါသည်။ ဦးငွေတင်နှင့် ဒေါ်သန်းရီတို့ ကွယ်လွန်သွားသဖြင့် ၎င်း၏ အမွေစားအမွေခံသမီးဖြစ်သူ ဒေါ်သီသီအေး က အိမ်နှင့်မြေကွက် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာသည့်စာချုပ် မှတ်ပုံတင်စာချုပ်အမှတ်- ၁၃၄/၂၀၂၄ အရချုပ်ဆိုကြေညာခဲ့ပါသည်။ ဒေါ်သီသီအေးထံမှ ဦးရဲမင်းထွန်း နှင့် ဒေါ်ခင်သူဇာဝင်းတို့ (၂)ဦးက မော်လမြိုင်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ "အိမ်နှင့်မြေကွက် အပြီးအပိုင်အရောင်းအဝယ်စာချုပ်" မှတ်ပုံတင်စာချုပ်အမှတ်- ၂၂၇/ ၂၀၂၄ အရ ဝယ်ယူခဲ့ပါသည်။ ယခုအခါ ဦးရဲမင်းထွန်းနှင့် ဒေါ်ခင်သူဇာဝင်းတို့ (၂)ဦးက ၎င်းတို့၏အမည်သို့ ပြောင်းလဲပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ ကြေညာစာပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၃၀)အတွင်း မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဦးရဲမင်းထွန်းနှင့် ဒေါ်ခင်သူဇာဝင်းတို့မှ ၎င်းတို့၏ အမည်သို့ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာခြင်းအပေါ် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန**
**မော်လမြိုင်မြို့။**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၂၂၈/ခ)၊ မြေကွက်တည်နေရာအမှတ်(၂၂၈/ခ)၊ သီရိနန္ဒာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးမြင့်[၁၂/ဥကတ(နိုင်)၀၆၄၄၁၈]အမည်ပေါက် နှစ်(၆၀) မြေငှားဂရန် အမည်ပေါက် ဦးမြင့်(ဖခင်)နှင့် ဒေါ်တင်တင်လှ(မိခင်)တို့ ကွယ်လွန်သဖြင့် ဒေါ်ဝင်းဝင်းမြင့် [၁၂/ဥကတ(နိုင်)၁၆၄၃၈၂]မှ တစ်ဦးတည်းသောသမီးတော်စပ်ကြောင်းကျမ်းကျိန်လွှာအမှတ်- ၁၅၄၉/၂၀၂၄ (၁၄-၈-၂၀၂၄)၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်၊ နိုင်/ကတ်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဝန်ဆောင်ခတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းမြေပုံကူး လျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇)၊ မြေကွက်အမှတ် (၄၅၅/က)၊ မြေကွက်တည်နေရာအမှတ် (၄၅၅/က)၊ သုမင်္ဂလာလမ်း၊ (၇)ရက်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးထွန်းအေး [၁၂/ဥကတ(နိုင်) ၁၂၄၄၀၁] အမည်ပေါက်၊ နှစ်(၆၀) မြေငှားဂရန် အမည်ပေါက် ဦးထွန်းအေး (ဖခင်)နှင့် ဒေါ်နန်းအေးသီတာခို င်(မိခင်)တို့ ကွ ယ်လွ န်သဖြင့် ဒေါ်စောမြင့်သန္တာထွန်း [၁၂/ဥကတ(နိုင်)၀၀၂၄၆၉]၊ ဦးစောညီညီထွန်း[၁၂/ဥကတ(နိုင်) ၀၀၂၄၇၀]၊ ဒေါ်စောနန္ဒာထွန်း[၁၂/ဥကတ(နိုင်)၁၃၁၂၇၉]၊ ဦးစောဝင်းကိုအောင်ထွန်း [၁၂/ဥကတ(နိုင်)၁၆၄၅၅၄]တို့မှ သား/သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်၊ နိုင်/ကတ်များ၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ ဝန်ဆောင်ခတို့တင်ပြ၍ (ပိုင်ဆိုင်+စွန့်လွှတ်) မြေပုံကူးလျှောက်ထားလာပါသည်။ မြေစာရင်းမှတ်ချက် (၄)ရှိ (၂၀၁၀)ခုနှစ်တွင် ဘဏ်ချေးမြေပုံမူရင်းမှာ အိမ်အပြောင်းအရွှေ့ပြုလုပ်စဉ်က ပျောက်ဆုံးသွားခဲ့ပြီး ယင်းမြေပုံမူရင်းအား မည်သည့်ဘဏ်တွင်မျှ ငွေချေးယူခဲ့ခြင်း မရှိပါကြောင်း၊ ဘဏ်ချေးမြေပုံအား မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းတို့ မရှိပါကြောင်းနှင့် ဘဏ်ချေးမြေပုံမှာ အမှန်တကယ်ပျောက်ဆုံးသွားသည်မှာ မှန်ကန်ပါကြောင်းနှင့် ပျောက်ဆုံးခြင်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက တာဝန်ယူကြောင်း ရှင်းလင်းတင်ပြစာနှင့် ကျမ်းကျိန်လွှာအမှတ် (၅၆၉/၂၀၂၄)တို့ တင်ပြ၍ (ပိုင်ဆိုင်+စွန့်လွှတ်) မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ကိုယ်စား) ဒုတိယညွှန်ကြားရေးမှူးချုပ်**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

သင့်သွေးဖြင့် အသက် ကယ်ပါ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။
( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ GDP တွင် စိုက်ပျိုးရေးကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးဟူ၍ရှိပြီး စိုက်ပျိုးရေးကဏ္ဍကြီးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောထွက်ပစ္စည်းဟူ၍ ပါရှိ...

❖ ယင်းကဏ္ဍကြီးသုံးရပ်သည် ဆက်စပ်မှုရှိပြီး တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်...

❖ အခြေခံအကျဆုံးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အောင်မြင်တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးတို့သည်လည်း အောင်မြင်တိုးတက်လာနိုင်မည်ဖြစ်ပြီး နိုင်ငံ၏ GDP သည်လည်း တိုးတက်လာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၅/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ဝင်းနိုင်ထွန်း၏ နောက်ကျဂိုးများဖြင့် မြန်မာအသင်း ပထမဆုံးနိုင်ပွဲရရှိ

ရန်ကုန် ဒီဇင်ဘာ ၁၈

**2024 ASEAN Cup ပြိုင်ပွဲ အုပ်စု(B) စတုတ္ထနေ့ကို ဒီဇင်ဘာ ၁၈ ရက်က ဆက်လက်ကျင်းပရာ မြန်မာအသင်း အိမ်ကွင်း၌အနိုင်ရပြီး ယခုပြိုင်ပွဲ၏ ပထမဆုံးနိုင်ပွဲရရှိခဲ့သည်။**

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် မြန်မာအသင်းက လာအိုအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ယခုပြိုင်ပွဲတွင် ပထမဆုံးနိုင်ပွဲရယူနိုင်ခဲ့ခြင်း ဖြစ်သလို နည်းပြချုပ်သစ် ဦးမျိုးလှိုင်ဝင်းအတွက် နိုင်ငံတကာပြိုင်ပွဲတွင် ပထမဆုံးရယူနိုင်သည့်နိုင်ပွဲလည်း ဖြစ်သည်။

မြန်မာအသင်းသည် တစ်ဂိုးအနိုင်မှ နှစ်ဂိုးပြန်ပေးရကာ နောက်မှ လိုက်ကစားရပြီး တိုက်စစ်မှူး ဝင်းနိုင်ထွန်း၏ နောက်ကျဂိုးများကြောင့် အမှတ်ပြည့်ရခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၄ သို့ ✳



မြန်မာအသင်း လာအိုအသင်းဘက်သို့ ဂိုးသွင်းရန် ကြိုးပမ်းနေစဉ်။

## ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ကောင်းစာများ ဖော်ပြမည့်အစီအစဉ်

နေပြည်တော် ဒီဇင်ဘာ ၁၈

၂၀၂၅ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာမေးပွဲအထောက်အကူပြုဘာသာရပ်များကို ဒီဇင်ဘာ ၂၀ ရက်မှစ၍ ကြေးမုံသတင်းစာတွင် အောက်ပါအတိုင်း ဖော်ပြပေးသွားမည်ဖြစ်သည် -

| စဉ် | ဘာသာရပ် | ဖော်ပြမည့်ရက် |
|---|---|---|
| ၁။ | မြန်မာစာ | ၂၀-၁၂-၂၀၂၄ |
| ၂။ | အင်္ဂလိပ်စာ | ၂၁-၁၂-၂၀၂၄ |
| ၃။ | သင်္ချာ | ၂၂-၁၂-၂၀၂၄ |
| ၄။ | ဓာတုဗေဒ | ၂၃-၁၂-၂၀၂၄ |
| ၅။ | ရူပဗေဒ | ၂၄-၁၂-၂၀၂၄ |
| ၆။ | ဇီဝဗေဒ | ၂၅-၁၂-၂၀၂၄ |
| ၇။ | ပထဝီဝင် | ၂၆-၁၂-၂၀၂၄ |
| ၈။ | သမိုင်း | ၂၇-၁၂-၂၀၂၄ |
| ၉။ | ဘောဂဗေဒ | ၂၈-၁၂-၂၀၂၄ |

## မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုရှောင်ရှား

နေပြည်တော် ဒီဇင်ဘာ ၁၈

ယနေ့ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်းမှ ပြတ်ထွက်လာသောတိမ်တိုက်များကြောင့်လည်းကောင်း ဒီဇင်ဘာ ၂၀ ရက်မှ ၂၃ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

## ၁၈ - ၁၂ -၂၀၂၄ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ငွေကျပ် ၅၃၃၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**ယနေ့** ဖတ်စရာ

**သိမှတ်လိုက်နာသင့်ရာ မြန်မာမျိုးပြစကားလုံးများ**

ဆောင်းပါး စာမျက်နှာ » ၇

**အားကစားဆိုတာက ပြိုင်ပွဲတွေရှိနေမှ ဖွံ့ဖြိုးတိုးတက်တာဆိုတော့ ပြိုင်ပွဲတွေကို ပုံမှန်ကျင်းပပေးစေလိုပါတယ်။ အဲဒါမှ ကစားသမားကောင်းတွေ ပေါ်ထွက်လာမှာဖြစ်ပါတယ်**

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၁၄

**Star Ferry ရေလမ်းခရီးဝန်ဆောင်မှုကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ရပ်နားမည်ဖြစ်ပြီး Shuttle Bus ဝန်ဆောင်မှုအသစ်ကို မိတ်ဆက်ပေးမည်**

စာမျက်နှာ » ၁၆